# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 10 April 2025 ၁၁၇၈၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ ရန်အောင်မြင်ဆည်နှင့် ဇွဲကြာပင်ရပ်ကွက်၊ မြို့နယ်အားကစားကွင်းရှိ ရွှေ့လျားယာယီဆေးရုံတို့အား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၊ ရန်အောင်မြင်ဆည်တို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဇမ္ဗူသီရိမြို့နယ် ဇွဲကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် ယာယီဆေးရုံရှိ လူနာများအား ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇမ္ဗူသီရိမြို့နယ် ဇွဲကြာပင်ရပ်ကွက် မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ် ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ၏ ရွှေ့လျားဆေးရုံတွင် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကြည့်ရှုအားပေးစဉ်။

## ယနေ့ ဖတ်စရာ


သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများတွင် ကုန်ရထားများနှင့် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား လမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ ပြန်လည်ပြေးဆွဲမည် စာမျက်နှာ » ၉

ငွေကြေးစီးဆင်းမှုဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေး ဆွေးနွေး စာမျက်နှာ » ၁၂

ငလျင်လှုပ်ခတ်ခြင်းကြောင့် တိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်များအပေါ် သက်ရောက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ချဉ်းကပ်မှု ဆောင်းပါး စာမျက်နှာ » ၁၈

# လူသားအချင်းချင်း စာနာထောက်ထား မေတ္တာထားဖေးမမှုများအား ကျေးဇူးတင်

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်း မြေငလျင်လှုပ်ခတ်မှုကြောင့် လူ့အသက်ဆုံးရှုံးမှုများနှင့် အိုးအိမ်တိုက်တာအဆောက်အအုံများ ဆုံးရှုံးပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ ငလျင်ကြီး လှုပ်ခတ်ပြီးနောက် မေ ၈ ရက်အထိ နောက်ဆက်တွဲငလျင် (၉၆)ကြိမ် လှုပ်ခတ်ခဲ့သည်။ အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် စာနာ နားလည်မှုများနှင့်အတူ ထပ်တူဝမ်းနည်းခြင်းအဖြစ် မတ် ၂၈ ရက်မှစ၍ ခုနစ်ရက်တိုင်တိုင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတစ်ဝန်း၌ ပြုလုပ်ခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် နိုင်ငံတစ်ဝန်း လူနေအိမ်ပေါင်း ၄၈၈၃၄ အိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၀၉၄ ကျောင်း၊ စာသင်ကျောင်း ၂၀၄၅ ကျောင်း၊ ဌာနဆိုင်ရာရုံးအဆောက်အအုံ ၂၁၇၁ လုံး၊ တံတား ၁၄၈ စင်း၊ ဘုရားစေတီ ၅၂၇၅ ဆူ ထိခိုက်ပျက်စီးခဲ့သည်။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ မေ ၇ ရက်အထိ သေဆုံးသူဦးရေ ၃၅၅၀၊ ဒဏ်ရာရရှိသူဦးရေ ၄၈၁၄ ဦး၊ ပျောက်ဆုံးသူဦးရေ ၁၆၀ ရှိကြောင်း သိရသည်။ ယခုကဲ့သို့ သေဆုံးဒဏ်ရာရသူများကို ငလျင်စတင် လှုပ်ခတ်သည့်အချိန်မှစ၍ ယနေ့အချိန်အထိ ပြည်တွင်း/ပြည်ပမှ ကူညီရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များက နေ့မအားညမနား ကြိုးကြိုးစားစား ကူညီဆောင်ရွက် ပေးခဲ့ကြသည်ကို ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရမည်ဖြစ်သည်။

ပြည်တွင်းပြည်ပမှ အရေးပေါ်ကူညီကယ်ဆယ်ရှာဖွေရေးအဖွဲ့ဝင်များက မေ ၈ ရက်အထိ အသက်ရှင်လျက် ငလျင်ဒဏ်သင့်ပြည်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့သည်။ ငလျင်ဒဏ်ကြောင့် အသက်သေဆုံးသူ ၇၀၀ ကိုလည်း ရှာဖွေပေးနိုင်ခဲ့သည်။ လူ့အသက်ထက် ဘယ်အရာမှအရေးမကြီး၊ လူ့အသက်သည် အရေးအကြီးဆုံးဆိုသကဲ့သို့ လူ့အသက်ခန္ဓာများကို စွန့်စွန့်စားစား၊ စွန့်လွှတ်စွန့်စားမှုကြီးမားစွာဖြင့် ဆောင်ရွက်ပေးခဲ့သည့် စေတနာမေတ္တာများမှာ ကြီးမားလှပေသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် တာဝန်ရှိသူများကလည်း ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများအား စိတ်ဓာတ်ခွန်အား ဖြစ်စေရေးအတွက် ကွင်းဆင်းသွားရောက် အားပေးခဲ့ကြသလို ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုများကိုလည်း အဆက်မပြတ်သွားရောက်အားပေးခဲ့သည်။

ငလျင်ဘေးဒဏ်သင့်ဒေသအသီးသီးတွင် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံမှ စနစ်တကျဖွဲ့စည်းလေ့ကျင့်ထားသော ကူညီကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက နေ့ရောညပါ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ခေတ်မီကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ကူညီရေးပစ္စည်းများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့များနှင့် ဆေးဝန်ထမ်းအဖွဲ့အစည်းများစသည်တို့က ဝိုင်းဝန်းပူးပေါင်းလက်တွဲပြီး နေ့စဉ်ရက်ဆက်ဆောင်ရွက်ခဲ့ကြသောကြောင့် ဝမ်းနည်းကြေကွဲဖွယ်ရာအခြေအနေများကြားတွင် ကျေးဇူးတင်ထိုက်သော အဆိုပါအဖွဲ့များကို ကျေးဇူးတင်မဆုံးဖြစ်ရသည်။

အထူးသဖြင့် တရုတ်နိုင်ငံမှ ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့လေးဖွဲ့ စုစုပေါင်း အင်အား ၂၆၅ ဦးကို ဦးစွာအစောဆုံး ငလျင်ဒဏ်သင့်ဒေသများသို့ရောက်ရှိခဲ့ပြီး နေပြည်တော်၊ မန္တလေးဒေသအသီးသီးတွင် တာဝန်များခွဲဝေ၍ သက်ဆိုင်ရာမြို့နယ်အလိုက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အားပေးပြည်သူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အောင်မြင်ထမြောက်စွာလုပ်ကိုင်နိုင်ခဲ့သည်။ ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အသက်ရှင်ကျန်ရစ်သူများကို အသက်ရှင်သန်ရန် နောက်ဆုံးကျန်သည့်အချိန်အထိ စွန့်စွန့်စားစားရှာဖွေကယ်ထုတ်ပေးခဲ့ခြင်း၊ အသက်မရှင်တော့ဘဲ သေဆုံးသွားသည့် ရုပ်အလောင်းများကို ခက်ခက်ခဲခဲရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့သည့်အတွက် ငလျင်ဘေးဒဏ်သင့်ခြင်းခံခဲ့ရသည့် မိသားစုဝင်များနှင့်ထပ်တူ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်မဆုံးဖြစ်မိသည်။

သို့ဖြစ်ရာ ပြည်တွင်း ပြည်ပမှ ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့ဝင်များအားလုံးနှင့်အတူ ပါဝင်ကူညီဆောင်ရွက်ကြသော စေတနာရှင်များအားလုံးအနေဖြင့် လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်အပြည့်အဝတို့သာမက စေတနာမေတ္တာကိုယ်ချင်းစာတရားကြီးမားစွာဖြင့် ငလျင်ဒဏ်သင့်ဒေသများတွင် နေ့စဉ်ရက်ဆက်၊ နေ့ညမပြတ်အားသွန်ခွန်စိုက် ကြိုးပမ်းရှာဖွေပေးကာ သက်ဆိုင်ရာမိသားစုဝင်များထံ အပ်နှံပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား၊ မိသားစုဝင်များကိုယ်စား၊ အမျိုးသားအဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကိုယ်စားမမေ့နိုင်အောင် အထူးကျေးဇူးတင်ရှိနေမည်ဖြစ်ပါကြောင်း။ ။

## မြစ်ကြီးနားမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ပြုလုပ်

နေပြည်တော် မေ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးငလျင်ကြီးဒဏ် ပြင်းထန်စွာခံစားခဲ့ရသည့် အင်းလေးဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၉

အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ကျေးရွာများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ယနေ့တွင် ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်အတွင်းရှိ ငလျင်ဒဏ်ပြင်းထန်စွာခံစားခဲ့ရသော ကျေးရွာများတွင် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများ၊ လူနေအိမ်များနှင့် အဆောက်အအုံများကို စနစ်တကျ ရှင်းလင်း ဖယ်ရှားနိုင်ရေးအတွက် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လုပ်အားဒါနရှင်များက ဝိုင်းဝန်းစုပေါင်းဆောင်ရွက်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူရန် လိုအပ်နေသူများအတွက် ကျန်းမာရေးဌာနမှ အရေးပေါ်ကုသရေး ယာယီဆေးရုံများ၊ ဆေးပေးခန်းများ ဖွင့်လှစ်ပြီး တပ်ဘက်/အရပ်ဘက် ဆေးဝါးကုသမှုကျွမ်းကျင်ဝန်ထမ်းများဖြင့် ပြုစုစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်ရွှေမြို့နယ် ဦးစီးမှူးရုံးမှ ငလျင်ဘေးဒဏ်သင့် ပြည်သူများ၏ ပျက်စီးပျောက်ဆုံးသွားခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြန်ဆုံးပြန်လည် ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ကျေးရွာများအလိုက် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စိုင်းအယ်ဘဲ


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


## ၉ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၁၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၄ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၆,၉၀၀ | ၈၆၄ | ၅,၉၆၁,၆၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၂၄ | ၇၂,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၄၆ | ၈၂,၈၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၄၅၀ | ၁,၅၅၀ | ၁,၂၄၅ | ၁,၈၂၇,၅၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၀၅၀ | ၃,၁၅၀ | ၁,၄၉၆ | ၄,၆၁၂,၄၀၀ |
| MADPL(PLB) | ၃,၅၅၀ | ၃,၃၀၀ | ၂၆ | ၈၈,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ၌ ငလျင်ဒဏ်ကြောင့် ပျက်နှာကြက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ငလျင်ဒဏ်ကြောင့် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ပင်မအဆောက်အအုံ အဝင် မျက်နှာကြက် ထိခိုက်ပျက်စီးမှုများ၊ ကျောက်စိမ်းခန်းမ၊ ပတ္တမြားခန်းမ၊ မြခန်းမတို့ မျက်နှာကြက်ပျက်စီးမှုများနှင့် အစည်းအဝေးခန်းမများ၊ နံရံများ အနည်းငယ်ကွဲအက်နေမှုနှင့် ပျက်စီးမှုအချို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ကုန်းချောတမံ အက်ကွဲကြောင်းများအား ယာယီပြုပြင်ထားရှိမှု၊ အက်ကွဲကြောင်းများ အတွင်းသဲနှင့်မြေသားဖြည့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် မြေသားစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရန်အောင်မြင်ဆည်ဆိုင်ရာ အချက်အလက်များနှင့် ဆည်တမံကြံ့ခိုင်မှုနှင့် ငလျင်ဒဏ်ကြောင့် အက်ကွဲကြောင်းများဖြစ်ပေါ်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်မှုရှိခဲ့သည့် ကုန်းချောတမံအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားရန်၊ ရေဝေရေလဲသစ်တောများကို စိမ်းစိုသည်အထိ ဆောင်ရွက်သွားရန်၊ စိုက်ပျိုးထားသည့် သစ်ပင်များကို ရှင်သန်အောင် ပြုပြင်ထိန်းသိမ်းသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ် အားကစားကွင်း၌

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1) ၌ ငလျင်ဒဏ်ကြောင့် နံရံများ အနည်းငယ်ကွဲအက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည်တွင် ကြည့်ရှုစစ်ဆေးစဉ်။

✰ စာမျက်နှာ ၃ မှ

ယာယီဖွင့်လှစ် ကုသပေးလျက်ရှိသည့် အမေရိကန် အခြေစိုက် Samaritan's Purse International Relief Organization က ရွှေ့လျားဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတာဝန်ခံ Dr. Elliott Tenpenny က ဆေးရုံ၌ လူနာများ ခွဲစိတ်ကုသပေးနေမှုနှင့် ဆေးရုံဖွင့်လှစ်ထားရှိ မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေ့လျားဆေးရုံ အတွင်း လိုက်လံကြည့်ရှုပြီး လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ကူညီဆောင်ရွက်မှုအတွက် အမေရိကန်နိုင်ငံအစိုးရနှင့် အမေရိကန်ပြည်သူလူထုအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**ကျေးဇူးတင်ရှိ**

ထို့နောက်အမေရိကန်ဆေးကုသရေးအဖွဲ့မှ တာဝန်ခံက မြန်မာနိုင်ငံသို့ မိမိတို့ လာရောက်၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်ပေးသည့်အတွက် မိမိတို့အနေဖြင့် လူနာများကုသရာတွင် ပိုမိုအဆင်ပြေသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**လူနာ ၆၀ အား ကုသပေးနိုင်ရန်အတွက် ခုတင် ၆၀ ခန့်ရှိ ယာယီဆေးရုံဖြစ်**

အဆိုပါ ရွှေ့လျားဆေးရုံမှာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်း တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ပူးပေါင်း၍ ကွန်တိန်နာ ဘောက်များဖြင့် ဆောက်လုပ်ထားသည့် အရေးပေါ် ခေတ်မီရွှေ့လျားဆေးရုံ ဖြစ်ပြီး ပြင်ပလူနာဌာန၊ အရေးပေါ်ကုသမှုဌာန၊ ခွဲစိတ်ခန်း၊ ဆေးစတိုနှင့် ဓာတ်ခွဲခန်းတို့ ပါဝင်ကြောင်း၊ လူနာ ၆၀ အား ကုသပေးနိုင်ရန်အတွက် ခုတင် ၆၀ ခန့် ယာယီဆေးရုံဖြစ်ကြောင်း၊ အဆိုပါ ယာယီဆေးရုံတွင် လူနာမျိုးစုံအား အခမဲ့ကုသပေးခြင်း၊ ခွဲစိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါအဖွဲ့တွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ခွဲစိတ်ဆရာဝန်၊ အရိုးကုဆရာဝန်များ အပါအဝင် ပါရဂူနှင့် သူနာပြုများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်ဆေးကုသရေးအဖွဲ့အနေဖြင့် မေ ၄ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မေ ၇ ရက်မှစတင်ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူနာ ၂၀ အား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ မေ ၁၀ ရက်တွင်လည်း အထူးကြပ်မတ်ဆောင် တစ်ဆောင်နှင့် ခွဲစိတ်ခန်း နှစ်ခန်းကို ထပ်မံဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ၏ ရွှေ့လျားဆေးရုံတွင် ဆေးကုသမှုခံယူနေသူတစ်ဦးအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးစဉ်။

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ သမ္မတနှင့် နိုင်ငံတော်အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် မေ ၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ဘာရာဇီးလ်ဖက်ဒရယ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူဝစ် အင်နာ စီအို လူလာ ဒါ စီးလ်ဗားက လည်းကောင်း၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စစ် ဘီဒီယာ ဒေဗီ ဘန်ဒါရီ ကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာများတွင် မြန်မာနိုင်ငံ၌ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် ဝမ်းနည်းကြေကွဲရပါကြောင်း၊ သေဆုံးသူအရေအတွက် အများအပြားနှင့် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများအတွက် မိမိတို့အနေဖြင့် အထူးပင် ဝမ်းနည်းမိပါကြောင်း၊ ဤဝမ်းနည်းဖွယ် ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှတစ်ဆင့် မိမိ၏ စိတ်ခွန်အားကို ပေးလိုပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံး ပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါကြောင်း၊ ငလျင်ကြောင့် အသက်အိုးအိမ်များဆုံးရှုံး၍ ပစ္စည်းဥစ္စာများ ပျက်စီးခဲ့မှုအတွက် များစွာ စိတ်မကောင်းဖြစ်ရပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အားသွန်ခွန်စိုက်ဖြင့် ကြိုးပမ်းအားထုတ်လုပ်ဆောင်နေမှုများနှင့် ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အမြန်ဆုံး အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားကြောင်း သိရသည်။

**သတင်းစဉ်**

**အဆွေတော်**
**ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**

ဘာရာဇီးလ်ပြည်သူများနှင့် အစိုးရကိုယ်စား မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် သေဆုံးသူများနှင့် ကျန်ရစ်သူမိသားစုများအား ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြလိုပါသည်။

သေဆုံးသူအရေအတွက် အများအပြားနှင့် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများအတွက် မိမိအနေဖြင့် အထူးပင်ဝမ်းနည်းမိပါသည်။ ဤဝမ်းနည်းဖွယ်ဖြစ်ရပ်ကြောင့် ငလျင်ဘေးသင့်သူများအားလုံးသို့ အဆွေတော်မှတစ်ဆင့် မိမိ၏စိတ်ခွန်အားကို ပေးလိုပါသည်။

ချစ်ကြည်ရင်းနှီးသော မြန်မာနိုင်ငံနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအားလုံး အမြန်ဆုံး ပြန်လည်ကျန်းမာပါစေကြောင်း စိတ်ရင်းစေတနာဖြင့် ဆန္ဒပြုအပ်ပါသည်။

**မစ္စတာ လူဝစ် အင်နာစီအို လူလာ ဒါစီးလ်ဗား**
**သမ္မတ**
**ဘာရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အဆွေတော်**

အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အပေါ်အခြေခံ၍ နီပေါနှင့် မြန်မာနိုင်ငံတို့သည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိပါသည်။ ၁၉၆၀ ပြည့်နှစ်တွင် တရားဝင် သံတမန်ဆက်သွယ်မှုကို ထူထောင်ပြီး ချိန်မှစတင်၍ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ၏ ခရီးစဉ်များနှင့် အပြန်အလှန် သွားရောက်လည်ပတ်မှုများသည် မိမိတို့၏ နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။ မိမိအနေဖြင့် နီပေါသမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် မြန်မာနိုင်ငံသို့ တရားဝင် ချစ်ကြည်ရေးခရီး သွားရောက်ခဲ့မှုနှင့် ခရီးစဉ်အတွင်း မိမိတို့အပေါ် နွေးထွေးသည့် ဧည့်ဝတ်ပျူငှာမှုတို့အား ကောင်းမွန်စွာ ပြန်ပြောင်းသတိရမိပါသည်။

ကမ္ဘာ့ငြိမ်းချမ်းရေး၊ သနားကြင်နာမှုနှင့် ချစ်ခင်ရင်းနှီးမှုတို့၏ ရှေ့ဆောင်လမ်းပြ ဂေါတမဗုဒ္ဓ၏ သင်ကြားပြသမှုတို့ဖြင့် မိမိတို့နှစ်နိုင်ငံ ပြည်သူများအနေဖြင့် နီးကပ်သည့် လူမှုယဉ်ကျေးမှုဆက်ဆံရေးကို ထိန်းသိမ်းထားရှိလျက်ရှိပြီး မိမိတို့အကြား ပျော်ရွှင်မှုများနှင့် ဝမ်းနည်းဖွယ်များကို မျှဝေရာတွင် အထောက်အကူပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ၂၈-၃-၂၀၂၅ ရက်တွင် ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျူရှိ ပျက်စီးဆုံးရှုံးမှု များပြားသည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်အိုးအိမ်ဆုံးရှုံး၍ ပစ္စည်းဥစ္စာများ ပျက်စီးမှုများအတွက် များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ဘေးအန္တရာယ်ကြောင့် ထိတ်လန့်တုန်လှုပ်ဖွယ်ဓာတ်ပုံများကို သတင်းမီဒီယာများနှင့် လူမှုဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် တွေ့မြင်ရသည့်အတွက် မိမိအနေဖြင့် ကြေကွဲဝမ်းနည်းရပါသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ဝမ်းနည်းပူဆွေးရသည့် အချိန်တွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှတစ်ဆင့် မြန်မာအစိုးရနှင့် ပြည်သူများထံသို့ မိမိအနေဖြင့် များစွာ ဝမ်းနည်းကြောင်း ပြောကြားလိုပါသည်။ ငလျင်ကြောင့် တန်ဖိုးရှိသည့် အသက်အိုးအိမ်များ ဆုံးရှုံးရသူများအတွက် မိမိကဝမ်းနည်းရပါကြောင်းနှင့် ဒဏ်ရာရရှိသူများ အမြန်ဆုံး သက်သာပျောက်ကင်းပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

နီပေါနိုင်ငံအနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုဖြစ်သည့် ၂၀၁၅ ခုနှစ်တွင် အလားတူ ငလျင်ဘေးနှင့် တွေ့ကြုံခံစားခဲ့ရပါသည်။ အဆိုပါ ဘေးအန္တရာယ်ကြောင့် နီပေါပြည်သူ ၁၀၀၀၀ ဦးကျော် အသက်ဆုံးရှုံးခဲ့ပြီး သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ အစိုးရရုံးဌာနများနှင့် ပြည်သူများ၏ နေအိမ်များအပါအဝင် အဆောက်အအုံ ၅၀၀၀၀၀ ကျော် ပျက်စီးခဲ့ရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ခံစားနေရသည့် နာကျင်မှုကို မိမိတို့အနေဖြင့် များစွာ စာနာထောက်ထားဖြစ်မိပါသည်။

မြန်မာအစိုးရနှင့် ပြည်သူများအနေဖြင့် ကယ်တင်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် ပျက်စီးသွားသည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည် ဟု ယုံကြည်ပါသည်။

ကျေးဇူးတင်ပါသည်။

**ဘီဒီယာ ဒေဗီ ဘန်ဒါရီ**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Julie Bishop အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူး ကိုယ်စားလှယ် Ms. Julie Bishop အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ငလျင်ဘေးသင့်ပြည်သူများကို ကူညီပံ့ပိုးပေးနိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားမည့်ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။ အထူးကိုယ်စားလှယ် ကလည်း မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် အသက်အိုးအိမ်စည်းစိမ်ပျက်စီး ဆုံးရှုံးမှုများအတွက် ဝမ်းနည်းပါကြောင်းနှင့် စာနာ ထောက်ထားမိပါကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ပြန်လည်ထွက်ခွာ



**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော တရုတ် နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် ၎င်းတို့ လုပ်ငန်းတာဝန်များပြီးဆုံးသဖြင့် တရုတ် နိုင်ငံမှ Y-20 အမျိုးအစားလေယာဉ်လေးစင်းဖြင့် နေပြည်တော်ရှိ တပ်မတော်လေဆိပ်မှ တရုတ်နိုင်ငံ သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြ သည်။

အဆိုပါအဖွဲ့များအား အမျိုးသားသဘာဝ ဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ (၁)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့တွင် China International Search and Rescue Team (CISAR) (Beijing)၊ Chinese Blue Sky Search and Rescue နှင့် Hong Kong China Search and Rescue Team တို့ပါဝင်ပြီး မြန်မာနိုင်ငံသို့ အစောဆုံးနှင့် ပထမဆုံးရောက်ရှိ လာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များဖြစ်သည်။ အဆိုပါအဖွဲ့များသည် နေပြည်တော်ကောင်စီနယ်မြေ နှင့် မန္တလေးမြို့တို့၌ အရေးပေါ်ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ဆေးကုသရေးလုပ်ငန်းများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အား ပေးပြည်သူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ တရုတ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို လူသားချင်းစာနာ ထောက်ထားမှုစိတ်ထားဖြင့် နေ့/ညမပြတ် အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ လေးဦး၊ သေဆုံးသူ ဖ၄ ဦးတို့ကို ရှာဖွေထုတ်ယူပေး နိုင်ခဲ့ပြီး သက်ဆိုင်ရာမိသားစုများထံ အပ်နှံပေးနိုင်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၉**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင် ကြောင့် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ၌ နေထိုင် လျက်ရှိသည့် စေတနာရှင်များက စင်ကာပူဒေါ်လာ ၃၁၅၀၊ Japan Myanmar Association (JMA)၊ Vice Chairman, Yusuke WATANABE က ငွေကျပ် သိန်း ၁၀၀၊ Bright Time Logistics Co.,ltd က သိန်း ၁၀၀ တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန DMC ရုံး၌ လာရောက် လှူဒါန်းကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ငလျင် ဘေးသင့်ဝန်ထမ်းများအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငွေကျပ် သိန်း၄၂၀ရာအား လာရောက်လှူဒါန်းခဲ့ရာ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**




# ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် မြန်မာလုပ်သားများ ထပ်မံစေလွှတ်

**ရန်ကုန် မေ ၉**

မြန်မာလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် လုပ်ခလစာ ပိုမို ကောင်းမွန်သည့် နိုင်ငံများသို့ လုပ်သား စေလွှတ်နိုင်ရေး လုပ်သားဈေးကွက် တိုးချဲ့ရှာဖွေနိုင် ရန် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ မြန်မာလုပ်သားများ စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိရာ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ဖြစ်သည့် Vista International Co.,Ltd ၏ အစီအစဉ်ဖြင့်




ရုရှားဖက်ဒရေးရှင်းနိုင်ငံ Joint-Stock Company 'Inturd' Co., Ltd သို့ ကျွမ်းကျင်မြန်မာလုပ်သား ၂၄ ဦးအား မတ် ၅ ရက်တွင် ပထမအကြိမ်နှင့် မတ် ၂၂ ရက်တွင် စကားပြန်တစ်ဦးကို ဒုတိယ အကြိမ်အဖြစ် စေလွှတ်ခဲ့ပြီးဖြစ် သည်။

**တတိယအကြိမ် ထပ်မံစေလွှတ်**

ထို့ပြင် ထပ်မံ၍ လုပ်သား ၂၇ဦး ကို အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘော တူ စာချုပ်ချုပ်ဆိုခြင်း၊ ပြည်ပ အလုပ်အကိုင်လမ်းညွှန်သင်တန်း သင်ကြားပို့ချခြင်းနှင့် ပြည်ပအလုပ် အကိုင်အလုပ်သမား သက်သေခံ ကတ်(OWIC) ပြုလုပ်ပေးခြင်းများ ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ မေ ၈ ရက်တွင် တတိယအကြိမ် ထပ်မံစေလွှတ်ခဲ့ သည်။

အလုပ်သမားဝန်ကြီးဌာနသည် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည် ရင်းနှီးမှု ရေရှည်တည်တံ့ခိုင်မြဲစေ ရေးနှင့် မြန်မာနိုင်ငံမှ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းအသစ် များ ရှာဖွေနိုင်ရေး ရေးရှု၍ ရုရှား ဖက်ဒရေးရှင်းနိုင်ငံနှင့် အလုပ် သမားရေးရာ ကိစ္စရပ်များတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက် ရှိပြီး စဉ်ဆက်မပြတ် လုပ်သား များ စေလွှတ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** **-MYEBMMMY**
- **Beneficiary Name** **-Natural Disaster Management Fund**
- **Beneficiary A/C No** **-EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**





















# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် လျှောင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအားတွေ့ဆုံ ထောက်ပံ့၊ အားပေးစကားပြောကြား



နေပြည်တော် မေ ၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ လျှောင်ဒဏ်သင့်ဝန်ထမ်းမိသားစုများအား တွေ့ဆုံ အားပေးစကားပြောကြားကာ ဆေးဝါးများ၊ တာပေါ်လင်မိုးကာစများ၊ သောက်ရေသန့်များ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်၍ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စများအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေပြည်တော် ပုံနှိပ်စက်ရုံ၊ သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းက လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေပြည်တော် ဇေယျာသီရိ မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်များနှင့် ဝန်ထမ်းအိမ်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နေပြည်တော်ပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးအား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နေပြည်တော် ပုံနှိပ်စက်ရုံ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက သတင်းစာတိုက်နှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးမှု၊ လျှောင်ဘေး သင့်ခဲ့သော်လည်း သတင်းစာများ ပုံမှန်ရိုက်နှိပ်ထုတ်ဝေနိုင်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် နေပြည်တော်ပုံနှိပ်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက မန္တလေးလျှောင်ကြီးကြောင့် ဌာနဆိုင်ရာများ၏ ရုံးအဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပျက်စီးမှု ဖြစ်ပေါ်ခဲ့ရကြောင်း၊ သဘာဝဘေးဆိုသည်မှာ ရှောင်လွှဲ၍ မရနိုင်သဖြင့် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်မည့် အဆောက်အအုံများမှာ သဘာဝဘေးဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်ရန် လိုအပ်မည်ဖြစ်ပြီး ဝန်ထမ်းများ၊ ပြည်သူများကလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများ သိရှိနားလည်ထားကြရန် လိုအပ်ကြောင်း၊ လျှောင်ဘေးကြုံတွေ့ခဲ့ရသော်လည်း ပြန်ကြားရေးဝန်ကြီးဌာန၏ ရုပ်သံလိုင်းများ၊ နေ့စဉ်ထုတ် သတင်းစာများကို ပုံမှန် ဖြန့်ချိထုတ်လွှင့်နိုင်သည့်အတွက် ဝန်ထမ်းများအား အသိအမှတ်ပြု ကျေးဇူးတင်ပါကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအချင်းချင်း စာနာနားလည်မှုဖြင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော် ပုံနှိပ်စက်ရုံ စက်ခန်း၊ စာအုပ်ချုပ်ခန်းများ၊ ပုံနှိပ်စက်များအခြေအနေ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုအခြေအနေ၊ ကြေးမုံသတင်းစာတိုက်အဆောက်အအုံ၊ ဘိုးဝဇီရခန်းမ၊ ပုံနှိပ်စက်ခန်းများ၊ CTP ခန်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို အားပေးစကား ပြောကြားသည်။ နံနက်ပိုင်းကလည်း ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ CITIC Group (Myanmar) Co.,Ltd က ပြန်ကြားရေးဝန်ကြီးဌာနမှ လျှောင်ဒဏ်သင့်ဝန်ထမ်းများအတွက် ဒုတိယအသုတ် ကူညီထောက်ပံ့ရေးပစ္စည်းများ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကားပြောကြားပြီး CITIC Group (Myanmar) Co.,Ltd မှ ဒုတိယဥက္ကဋ္ဌ Mr. Piao Bo နှင့် Mr.Ma Chanfu တို့က လျှောင်ဒဏ်သင့် ပြည်သူများအတွက် ကူညီ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

သတင်းစဉ်

# တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများထပ်မံရောက်ရှိ

နေပြည်တော် မေ ၉

နိုင်ငံတော်အစိုးရအနေဖြင့် လျှောင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများအား အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။




တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ စုစုပေါင်းပစ္စည်းတန်ချိန် ၁၀၄ တန် တင်ဆောင်လာသော Y-20 အမျိုးအစားလေယာဉ်လေးစင်းတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။ အဆိုပါပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံ Ms. Cao Jing က လွှဲပြောင်းပေးအပ်ရာ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်ထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသိန်းတို့က လက်ခံခဲ့ကြသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ရွက်ဖျင်တဲ၊ မိုးကာစ၊ အိပ်ရာခင်း၊ ခြင်ထောင်နှင့် စားသောက်ကုန်များ စုစုပေါင်း ၆၂၇၂၇ ကီလိုဂရမ် တင်ဆောင်လာသည့် Air China လေကြောင်းမှ လေယာဉ်သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ထပ်မံရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Minister Counsellor ဖြစ်သူ Mr. Jia Junjie နှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုကြသည်။

အဆိုပါရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး လျှောင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် နေပြည်တော်သို့ ဆက်လက်ပို့ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် မေ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဘေးသင့်ခဲ့သော ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်သင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက ယာယီရုံးများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ကြရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းလှူဒါန်းသော Hygiene Kit များကို လည်းကောင်း၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ငလျင်ဒဏ်သင့်ဝန်ထမ်းများအား ပေးအပ်သည်။ ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် စစ်ကိုင်းမြို့ ကမ်းနားလမ်းရှိ ငလျင်ဒဏ်သင့်



ပြည်သူများအတွက် သောက်သုံးရေသန့် ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ယာယီရွှေ့ပြောင်းနေထိုင်မည့် ဝန်ထမ်းလိုင်းခန်းများ တည်ဆောက်နိုင်ရေးအတွက် မြေနေရာရှင်းလင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ မိုးရာသီမတိုင်မီ လုံခြုံမှုရှိသည့် အမိုးအကာအောက် ရောက်ရှိရေး အမြန်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် ငလျင်ဒဏ်သင့် ဝန်ထမ်းများအတွက် Hygiene Kit၊ ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ပေးအပ်ပြီး မြို့နယ် သမဝါယမအသင်းစုပိုင် ဆန်စက် ပြိုကျပျက်စီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ Hygiene Kit များ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ် (မန္တလေး)သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများနှင့် ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun(Good Brother's) ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တန် ၁၅၀ ကျဆန်စက် တည်ဆောက်နေမှုနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မန္တလေးနို့ချက်စက်ရုံ ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ၊ Hygiene Kit များ၊ ဆန်၊ ဆီနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် မေ ၉ ရက်နေ့အထိ သေဆုံးသူ ၃၅၉၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၅ ဦးနှင့် ပျောက်ဆုံးသူ ၁၄၅ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း/ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၁၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း/ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှ လေယာဉ် ခုနစ်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ချိန် ၃၅၉ ဒသမ ၀၆၇ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း/ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## ဇမ္ဗူသီရိမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၉

မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မျိုး ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် အင်အား ၃၅ ဦးတို့သည် မေ ၉ ရက် နံနက် ၈နာရီတွင် အခန်းပိုင်ရှင်များ၏ တောင်းဆိုချက်အရ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခရေအိမ်ရာ တိုက်အမှတ်-၇၆ အခန်းအမှတ် (၂) ၌ အသုံးအဆောင်ပစ္စည်းများနှင့် လက်ဝတ်ရတနာပစ္စည်းများအား ပိုင်ရှင်ထံသို့ လွှဲပြောင်းပေးအပ်ခြင်း၊ တိုက်အမှတ်-၇၅ အခန်းအမှတ် (၁) ၌ အရေးကြီးစာရွက်စာတမ်းများနှင့် မွေ့ရာတစ်ခု ရွှေ့ပြောင်းခြင်း၊ တိုက်အမှတ်-၇၅၊ အခန်းအမှတ် ၁၃၊ ၁၄၊ ၂၁၊ ၂၃ တို့၌ အရေးကြီးစာရွက်စာတမ်းများနှင့်အသုံးအဆောင်ပစ္စည်းများ ရွှေ့ပြောင်းခြင်းစသည့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှာဖွေတွေ့ရှိခဲ့သည့်ပစ္စည်းများ လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၉

မတ် ၂၈ ရက်က အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ နေရာဒေသများတွင် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများဖြစ်ပွားခဲ့ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ သောက်သုံးရေလှူဒါန်းရေး၊ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မီးသတ်ဦးစီးဌာနမှ ဥတ္တရခရိုင် မီးသတ်ဦးစီးမှူး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးသက်နောင် ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် ဥတ္တရသီရိမြို့နယ်ရှိ ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သော ပင်လုံဆေးရုံအဆောက်အအုံအတွင်းမှ ငွေကျပ် ၁၆၃ သိန်း၊ ရွှေဆွဲကြိုးတစ်ကုံး၊ ဖုန်းတစ်လုံး၊ ငွေကျပ် ငါးသိန်းကျော်ပါ ပိုက်ဆံအိတ်တစ်အိတ်နှင့် အရေးကြီးစာရွက်စာတမ်းများအား ယနေ့နံနက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့ပြီး ဆေးရုံအုပ်နှင့်တာဝန်ရှိသူများထံသို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သေဆုံး/ဒဏ်ရာရရှိ၍ ငလျင်ဘေးဒဏ်ခံစားခဲ့ရသော ဝန်ထမ်း/မိသားစုများအား ထောက်ပံ့မှုများပေးအပ်



နေပြည်တော် မေ ၉

မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သေဆုံး/ဒဏ်ရာရရှိ၍ ငလျင်ဘေးဒဏ်ခံစားခဲ့ရသော ဝန်ထမ်း/မိသားစုများသို့ ထောက်ပံ့မှု ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌက အင်အားပြင်း မြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်ကြောင့် သေဆုံးသူဝန်ထမ်း တစ်ဦး၊ သေဆုံးသူမှီခို တစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ဝန်ထမ်း နှစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူမှီခို တစ်ဦး၊ ငလျင်ဘေးသင့်ဝန်ထမ်းနှင့် မှီခိုမိသားစုဦးရေ ၂၀၂၃ ဦးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ လာရောက်ကူညီဆောင်ရွက်သူ ဝန်ထမ်း ၁၃၃ ဦးတို့အား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ အောင်မြေသာစံမြို့နယ် ၈၁ လမ်းနှင့် လမ်း ၂၀ ထောင့်ရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၂၈ လမ်းထောင့်ရှိ ၁၁ ကေဗွီလိုင်းနှင့် ထရန်စဖော်မာ နှစ်တိုင် စင်ပျက်စီးခဲ့မှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ချမ်းမြသာစည်မြို့နယ် ၁၀၇ လမ်းနှင့် ၅၈-၅၉ လမ်းကြားတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံပျက်စီးချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၁၃၃၀ တို့ဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ပြီးစီးမှုအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေတွင် ၉၆ ဒသမ ၅ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၉၇ ဒသမ ၅၄ ရာခိုင်နှုန်း၊ စစ်ကိုင်းမြို့တွင် ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို အမြန်ပြီးစီးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# MYANMAR SWAT INTERNATIONAL SECURITY GROUP မှ

# ပျဉ်းမနားမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်လှူဒါန်း

နေပြည်တော် မေ ၉

MYANMAR SWAT INTERNATIONAL SECURITY GROUP မှ တာဝန်ရှိသူများသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက် လှူဒါန်းကြသည်။

နံနက်ပိုင်းတွင် MYANMAR SWAT INTERNATIONAL SECURITY GROUP ဥက္ကဋ္ဌ Mr. Duan Zheng Li ဦးဆောင်သော အဖွဲ့သည် ပျဉ်းမနားမြို့အတွင်း ရှိ ငလျင်ဘေးဒဏ်သင့်ခဲ့သည့် အိမ်ထောင်စု ၁၅၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အဖြူ/အနီ၊ ငါးခြောက်၊ ဝက်အူချောင်းနှင့် ရေသန့်များကို ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်လှူဒါန်းကြသည်။



MYANMAR SWAT INTERNATIONAL SECURITY GROUP အနေဖြင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ လာရောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ MYANMAR SWAT INTERNATIONAL SECURITY GROUP ဥက္ကဋ္ဌ Mr. Duan Zheng Li က "ကျွန်တော်တို့ ကုမ္ပဏီက လက်ရှိမြန်မာပြည်မှာ နှစ် နှစ်ဆယ် သက်တမ်း ရှိနေပါပြီ။ ကုမ္ပဏီရဲ့ အဓိကလုပ်ငန်းတွေက မွေးမြူရေး၊ လုံခြုံရေးနဲ့ပတ်သက်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ ပါဝင်ပါတယ်။ မတ် ၂၈ ရက်က အင်အားပြင်း ငလျင်တစ်ခု လှုပ်သွားတယ်ဆိုတဲ့သတင်း ကြားတဲ့အချိန်မှာ ကျွန်တော်တို့ကုမ္ပဏီရဲ့ အရာရှိပိုင်းတွေ စုစည်းပြီးတော့ အစည်းအဝေးတွေ လုပ်ခဲ့တယ်။ ငလျင်ဘေးသင့် ပြည်သူတွေအတွက် ဘယ်လိုတွေကူညီနိုင်မလဲဆိုတာ စဉ်းစားခဲ့ပါတယ်။

**ဦးစားပေးဝယ်ယူ**

ထိခိုက်မှုရှိတဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေအတွက်နဲ့ ပြည်သူတွေအတွက် ကုမ္ပဏီဘက်က ဘယ်လိုသွားရောက် ကူညီရမလဲဆိုတာ အရင်ဆုံးစဉ်းစားဖြစ်ပါတယ်။ ဝန်ထမ်းတွေနဲ့ ပြည်သူတွေ ပထမဆုံး သောက်ရေနဲ့ လျှပ်စစ်မီးလိုအပ်ချက်ရှိတဲ့ အချိန်မှာ သောက်ရေသန့်တွေကို ဦးစားပေး ဝယ်ယူခဲ့တယ်။ ပြီးတော့ ဆန်၊ ဆီ၊ ဆား၊ စားသောက်ကုန်နဲ့ အသုံးအဆောင် ပစ္စည်းတွေကို ဝယ်ပြီးတော့ နေပြည်တော်ကို လာခဲ့ပါတယ်။ နေပြည်တော် အတွင်းရှိ ကူညီထောက်ပံ့လို့ရတဲ့ နေရာတွေကို သွားရောက်ပြီးတော့ တတ်နိုင်တဲ့ဘက်ကနေ ကူညီခဲ့ပါတယ်။

စားသောက်ကုန်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေ အမှန်တကယ်လိုအပ်နေတဲ့ ဝန်ကြီးဌာနတော်တော်များများကို ပစ္စည်းတန်ချိန် ၁၀၀၀ ကျော်ကို သွားရောက် လှူဒါန်းခဲ့ပြီးပါပြီ။ ဆက်လက်ပြီး ငလျင်ဘေးဒဏ်ကို အဆိုးဆုံးခံခဲ့ရတဲ့ မန္တလေးနဲ့ စစ်ကိုင်းဘက်ကိုလည်း နောက်ရက်တွေမှာ သွားရောက်လှူဒါန်းဖို့ အစီအစဉ်လည်း ရှိပါတယ်။ ငလျင်ဘေးဒဏ်သင့် ပြည်သူတွေအတွက် ယာယီနေထိုင်လို့ရမယ့် ယာယီ မိုးကာတဲတွေကိုလည်း ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး ဆက်လက်ဆောက်လုပ်သွားဖို့ရှိပါတယ်။

ကျွန်တော့်အနေနဲ့ ငလျင်ဘေးဒဏ်သင့် ပြည်သူတွေအားလုံး လက်ရှိကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကို အမြန်ဆုံး ကျော်လွှားနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု ပြောကြားသည်။

**သတင်းစဉ်**

# သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများတွင် ကုန်ရထားများနှင့် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနားလမ်းပိုင်းတွင် လူစီးကုန်တင်ရထားများ ပြန်လည်ပြေးဆွဲမည်

နေပြည်တော် မေ ၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ အဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သထုံ-မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေး လမ်းပိုင်းများတွင် ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်မှုအားနည်း၍ ပြန်လည်အဆင့်မြှင့်တင်နိုင်ရန် သထုံ- မြိုင်ကလေးလမ်းပိုင်းနှင့် မော်လမြိုင်-ရေးလမ်းပိုင်းများအား ယာယီရပ်နားခဲ့ရသည်။

သထုံ-မြိုင်ကလေး လမ်းပိုင်းတွင် သထုံလေးတိုင်အထိ လမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့ရာ မတ် ၂၀ ရက်မှစ၍ ကုန်ရထားများ စတင်ပြေးဆွဲခဲ့ပြီးဖြစ်သည်။ ယခုအခါ မော်လမြိုင်-ရေးလမ်းပိုင်းတွင် မော်လမြိုင်မှ သံဖြူဇရပ်အထိ ရထားလမ်းနှင့် တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မေ ၁၀ ရက်မှစ၍ ကုန်ရထားများ စတင်ပြေးဆွဲသွားမည်ဖြစ်သည်။

ထို့အတူ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်းတွင်လည်း မတ် ၂၈ ရက်တွင် ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် ပျဉ်းမနားဘူတာမှ ကံသာဘူတာအကြား ရထားလမ်းပိုင်းအချို့နှင့် တံတားနှစ်စင်း ပျက်စီးခဲ့ရသဖြင့် ရထားပြေးဆွဲမှုများကို ယာယီရပ်နားခဲ့ရသည်။ ယခုအခါ အဆိုပါပျက်စီးမှုများကို လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ ရထားလမ်း ပြန်လည်အသုံးပြုနိုင်ပြီဖြစ်၍ အမှတ်(၁၀၃)အဆန်/အမှတ်(၁၀၄)အစုန် ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား လူစီးကုန်တင်ရထားများကို မေ ၁၀ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရတနာစီမံကိန်းအထွက်တိုးရေးပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ တက်ရောက်

နေပြည်တော် မေ ၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEP International Ltd. တို့အကြား ရတနာကမ်းလွန်စီမံကိန်း အထွက်တိုးရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏အားထားရသည့် ကမ်းလွန်စီမံကိန်း တစ်ခုဖြစ်သည့် ရတနာကမ်းလွန်သဘာဝဓာတ်ငွေ့မြေတွင် အထွက်နှုန်းကျဆင်းလာခြင်းကို ကုစားနိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် PTTEP International Ltd. တို့ အထွက်နှုန်းတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့ချုပ်ဆိုသည့် စာချုပ်အရ ပိုမိုတိုးမြှင့်ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို မြန်မာနိုင်ငံပြည်သူများသာမက ထိုင်းနိုင်ငံ ပြည်သူများအနေဖြင့်လည်း မျှဝေသုံးစွဲခွင့်ရရှိမည့်အပေါ် ဝမ်းမြောက်မိဒိတာပွားမိပါကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်လိုသည့်အတွက် သဘာဝဓာတ်ငွေ့ပိုမိုရရှိလိုကြောင်း ညှိနှိုင်းခဲ့သည့်အချိန်တွင် PTTEP အနေဖြင့် စာချုပ်သတ်မှတ်ချက်အရ ထိုင်းနိုင်ငံအနေဖြင့် ရရှိမည့်ပမာဏကိုလျှော့ယူပြီး မျှဝေပေးခဲ့မှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် PTTEP တို့သည် နှစ်ပေါင်းသုံးဆယ်ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ဖြစ်ရာ မိသားစုသဖွယ်ဖြစ်နေသည့် ရင်းနှီးမှုကိုအခြေခံ၍ အလွန်အလားအလာကောင်းများရှိသည့် ကမ်းလွန်စီမံကိန်းကြီးတစ်ခုတွင်လည်း ရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားစွာ ဆွေးနွေးနေမှုအပေါ်တွင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။




လက်မှတ်ရေးထိုးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် PTTEP International Ltd. မှ Vice President ဦးဆောင်သည့်အဖွဲ့ဖြင့် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကိုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပျဉ်းမနား - တောင်ညိုလမ်းတွင် လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၉

Yar Zar Min Industry ကုမ္ပဏီမှ တည်ဆောက်ပြီးစီးသည့် လျှပ်စစ်မော်တော်ယာဉ် ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် သုခတော်ဝင်အိမ်ရာအနီး ပျဉ်းမနား-တောင်ညိုလမ်းရှိ ယင်းဓာတ်အားဖြည့်သွင်းရုံ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်က အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တို့တွင် မြေနေရာများကို ရွေးချယ်သတ်မှတ်လျာထားခဲ့ပြီး နေပြည်တော်တွင် ကိုးနေရာ၊ ရန်ကုန်တွင် ၁၀ နေရာ၊ မန္တလေးတွင် ကိုးနေရာနှင့် ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးတွင် ၁၅ နေရာ စုစုပေါင်း ၄၃ နေရာကို Pilot Project အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နေပြည်တော်တွင် တည်ဆောက်ခွင့်ပြုထားသော ကိုးနေရာအနက် သပြေကုန်းဈေးရှေ့၊ စည်ပင်ဧည့်ရိပ်သာရှေ့၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် သုခတော်ဝင်အိမ်ရာ ရှေ့နေရာ (Agape Love Co.,Ltd.)နှင့် ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်မည့် ပျဉ်းမနား-တောင်ညိုလမ်း သုခတော်ဝင်အိမ်ရာအနီးရှိနေရာမှာ ဆဋ္ဌမအကြိမ်မြောက် ဖွင့်လှစ်ပေးသည့် Charging Station ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် (၂၃)ကြိမ်မြောက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်လေဆိပ်နှင့် နေပြည်တော်လေဆိပ် Charging Station နှစ်ခုမှာလည်း ၁၀၀ ရာနှုန်းပြီးစီး၍ စတင်အသုံးပြုနေပြီဖြစ်ကြောင်း၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများရှိ (EV Charging Station)များတွင် ကားလေး ၁၀ စီး တစ်ပြိုင်နက်အားသွင်းနိုင်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ (EV Charging Station)များတွင် ကားလေး ၁၀ စီးနှင့် ဘတ်စ်ကားလေးစီး တစ်ပြိုင်နက်အားသွင်းနိုင်ပြီဖြစ်ကြောင်း။

ဆက်လက်ပြီး AGAPE Love ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက (EV Charging Station) တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်မော်တော်ယာဉ်ဓာတ်အားဖြည့်သွင်းရုံ (EV Charging Station)ကို ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူနှင့် ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီး ဦးဝင်းဖေက EV Charging Station ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက လျှပ်စစ်သုံးယာဉ်များအတွက် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရုံ(EV Charging Station)အတွင်း ကြည့်ရှုလေ့လာကြပြီး လျှပ်စစ်သုံးယာဉ်များ လက်တွေ့အားဖြည့်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အား လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်သည် မေ ၇ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ ပြုလုပ်သော အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံမှူးက ငလျင်ကြောင့် စက်ရုံအတွင်း ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများ၊ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအားလည်းကောင်း၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ကြီး (အချိန်ပြည့်)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေအပ်လုပ်ငန်း ၁၂ ခုအား ကြိုတင်လုပ်ငန်းအပ်နှံ ဆောင်ရွက်ပေးနိုင်ရေးနှင့် သတ်မှတ်ထားသော ခန့်မှန်းခြေ ငွေစာရင်းများကိုလည်း ပေးပို့ရန် ဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စက်ရုံအဆောက်အအုံ၊ စက်ကိရိယာများ၊ Overhead ကရိန်းများ၊ သံရည်အိုးရွှေ့ပြောင်းသည့် မီးရထားလမ်း၊ ထရော်လီများအား ငလျင်ကြောင့် ထိခိုက်မှုရှိ၊ မရှိ စမ်းသပ်မောင်းနှင်ခြင်း၊ အဆောက်အအုံ စစ်ဆေးရေးအဖွဲ့များဖြင့် မီတာ ၁၅၀ အမြင့်ရှိသည့် အမှုန်အမွှားစွန့်ထုတ်သည့် မီးခိုးခေါင်းတိုင် တိမ်းစောင်းထိခိုက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ကို စီမံကိန်းစတင်တည်ဆောက်စဉ်ကတည်းကပင် ငလျင်ပြင်းအား ရစ်(ခ်)တာစကေး ကိုးအထိ ခံနိုင်အောင်ဒီဇိုင်းရေးဆွဲ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလှုပ်ခတ်သည့် ငလျင်ဒဏ်ကြောင့် နံရံများအနည်းငယ်အက်ကြောင်းများ ဖြစ်ပေါ်မှုကိုသာ တွေ့ရှိရကြောင်း၊ ထို့ကြောင့် မူလဒီဇိုင်းအရ ကောင်းမွန်သည့်ရလဒ်ကို ဖော်ဆောင်နိုင်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ဆက်လက်၍ စက်ရုံရှိ အဆောက်အအုံများ အပါအဝင် ဂါလန် ၄၆ သိန်းဆံ့ရေကန်တို့အား စစ်ဆေးရာတွင်လည်း စိတ်ချရသည့် အခြေအနေဖြစ်ကြောင်း၊ ထပ်မံစစ်ဆေးတွေ့ရှိမှု အခြေအနေများကိုလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန် လမ်းညွှန်မှာကြားခဲ့သည်။

**သတင်းစဉ်**







သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန္တလေးတိုင်းဒေသကြီး အတွင်း မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့်ပြည်သူများအား မေ ၉ ရက်က သောက်သုံးရေသန့်များ ဖြန့်ဝေပေးစဉ်။ သန်းလွင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စစ်ကိုင်းစက်မှုဇုန်ရှိ လုပ်ငန်းရှင်များ၊ စစ်ကိုင်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းသည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းစက်မှုဇုန်ခန်းမ၌ လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်များ၏ ပကတိအခြေအနေမှန်နှင့် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပံ့ပိုးပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အလုပ်ငန်းရှင်များအနေဖြင့် တစ်ဦးချင်းစီ၏ လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြမှသာ ထိရောက်သည့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေများကို စာရင်းပြုစုထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ဘိလပ်မြေစက်ရုံများ၊ သံနှင့် သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အုတ်စက်ရုံများ၊ အထပ်သားစက်ရုံများ စသည်တို့ကိုစွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း လမ်းညွှန်မှာကြားသည်။



ထို့နောက် စစ်ကိုင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌက စက်မှုဇုန်အတွင်း စက်ရုံအလိုက် ပျက်စီးခဲ့မှုအခြေအနေ၊ စက်မှုလုပ်ငန်းရှင်များမှ ငလျင်လှုပ်ခတ်မှုကြောင့် စက်ပစ္စည်းကိရိယာများ ပျက်စီးခဲ့၍ ပြည်ပမှတင်သွင်းခွင့်ရရှိရေး၊ စက်သုံးဆီရရှိရေး၊ ကုန်ကြမ်းများသယ်ယူခွင့်ရရှိရေး၊ ဘိလပ်မြေရရှိရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တွေ့ဆုံ၍ စက်မှုဇုန်များ ပြန်လည်ထူထောင်ရေးကိစ္စရပ်များ စက်မှုဇုန်အတွက် လိုအပ်သည့်ကုန်ကြမ်းများနှင့် စက်သုံးဆီများအား ရေလမ်းမှ သယ်ယူနိုင်ရေးအတွက်ဆိပ်ကမ်းအသစ်များ တည်ဆောက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မဏ္ဍိုင်စက္ကူစက်ရုံတွင် ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်း၊ Triple Circle industry Co., Ltd. ၏ ဝါယာနှင့် ကေဘယ်ထုတ်လုပ်သည့်စက်ရုံအတွင်းရှိ အဆောက်အအုံနှင့် စက်ပစ္စည်းများ ပျက်စီးခဲ့မှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့တွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား စစ်ကိုင်းခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးရုံး၌ တွေ့ဆုံ၍ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံ စက်ပစ္စည်းစာရင်းများကို ဓာတ်ပုံမှတ်တမ်းနှင့် အတူ ပြုစုတင်ပြရန်၊ စက်မှုလုပ်ငန်းအစီအစဉ်ဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်၊ ခြံစည်းရိုးကာရံနိုင်ရေး စီမံဆောင်ရွက်ရန် စစ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် စက်ရုံများ၊ စက်ရုံအဆောက်အအုံများ တည်ဆောက်မည်ဆိုပါက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို စနစ်တကျကြပ်မတ်စစ်ဆေးသွားရန်၊ စက်ရုံများပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ရုံရှိ အဆောက်အအုံများ၊ စက်ပစ္စည်းများအား စစ်ဆေးရန်အဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် စက်ရုံများအနေဖြင့် စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပါ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး စစ်ကိုင်းမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်း ၆၉၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၉၄ သိန်းအား ပေးအပ်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ

နေပြည်တော် မေ ၉

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန်အတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

မန္တလေး (ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ဧရာဝတီမြစ်ကူးကူးတို့ခရီးလမ်းတွင် ပို့ဆောင်ရေးအနေဖြင့် မတ် ၃၁ ရက်မှ ယနေ့အထိ မြစ်ကူးပို့ဆောင်ရေးကို ကုန်တင်ယာဉ် ၁၅၃၈ စီး၊ လူစီးမော်တော်ယာဉ်ငယ် ၇၄၄ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ ၎င်းယာဉ်များအနက် ကယ်ဆယ်ရေး ပစ္စည်းတင်ကုန်တင်ယာဉ်သုံးစီးကို အခမဲ့သယ်ဆောင်ပေးခဲ့သည်။

နိုင်ငံတကာမှ လေယာဉ်များဖြင့် လာရောက်ပို့ဆောင်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့်ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များကို ရန်ကုန်အပြည်ပြည်ဆိုင်လေဆိပ်၊နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ မတ် ၂၉ ရက်မှ စတင်၍ ယနေ့အထိ စုစုပေါင်း လေယာဉ် ၁၀၄ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၉၆၆ ဒသမ ၈၄၉ တန်ရောက်ရှိ ပြီးဖြစ်သည်။ အဆိုပါကယ်ဆယ်ရေး လေယာဉ်များအတွက် သက်ဆိုင်ရာလေဆိပ်အလိုက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အား စက်ယန္တရားအင်အားဖြင့် အခမဲ့ဝန်ဆောင်မှု ပေးလျက်ရှိသည်။

ပြည်တွင်းလေယာဉ် ခရီးစဉ်များကို မေ ၄ ရက်မှစ၍ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မေ ၅ ရက်မှစ၍ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ မြန်မာ အမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မဂ်လာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ လေယာဉ်ခရီးစဉ် စုစုပေါင်း ၈၃ ခေါက် ပြေးဆွဲပေးနိုင်ခဲ့သည့် အတွက် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်း သိရသည်။

ရထားပို့ဆောင်ရေး ကဏ္ဍတွင်လည်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း နေရာအချို့အား ပြုပြင်ပြီးစီးပြီဖြစ်၍ ယခုအခါ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မေ ၅ ရက်မှစ၍ ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ အမှတ် ၇ အဆန်၊ ၈ အစုန် DEMU အမြန်ရထားခရီးစဉ်များ၊ နေပြည်တော်-မန္တလေးလမ်းပိုင်း၌ အမှတ် ၂၇ အဆန်၊ ၂၈ အစုန် လေအိတ်အမြန်ရထားခရီးစဉ်များနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်း တစ်ခုလုံး၌ အမှတ် ၁၁ အဆန်၊ ၁၂ အစုန် အမြန်ရထား ခရီးစဉ်များကို နေ့စဉ် ပုံမှန်ပြေးဆွဲပေးနေပြီဖြစ်သည်။ ထို့ပြင် ကုန်ရထားခရီးစဉ်များကိုလည်း ပိုမိုတိုးချဲ့ပြေးဆွဲ၍ ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်လာစေရေးအတွက် အထောက်အကူပြုဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ပုသိမ်-ကြံခင်းလမ်းပိုင်းတို့၌လည်း ပုံမှန်ရထားခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ရေး ကဏ္ဍတွင် ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများအတွင်း မိုဘိုင်းဆက်သွယ်ရေး စခန်း ၆၇၀၀ ကျော်ဆက်သွယ်မှုပြတ်တောက်ခဲ့ရာ စခန်းပေါင်း ၆၀၀၀၊ ၉၀ ရာခိုင်နှုန်းပြုပြင်ကောင်းမွန်ပြီဖြစ်၍ ကျန်ရှိနေသည့် စခန်းများကိုလည်း ဆက်လက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆားစသည့် ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ၁၁ ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ




နေပြည်တော် မေ ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၁၁ ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရသည်။

မတ် ၃၀ ရက်မှ ယနေ့အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန် ခြောက်ပြည်ဆံ့(မနောသုခ-Export Quality) ၇၈၇၅ အိတ်၊ ဆန် ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၇၀၀၊ ဆီ ပိဿာ ၁၇၃၅၀၊ ဆား ၅၀ ကျပ်သားပါ အိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၃၃၂ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၃၉၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကား လေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့ အထိ ဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၃၁၇ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀၀၀၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကား လေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) အိတ် ၂၀၀၊ စားအုန်းဆီ ၃၀၀၄ ပိဿာ၊ ကြက်ဥ အလုံး ၄၃၆၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ အသားတု ၁၅ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ လျှော်ဘေးဒဏ်ကြောင့် စာသင်ကျောင်းများပျက်စီးမှု ကြည့်ရှုစစ်ဆေး၊ ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြား

နေပြည်တော် မေ ၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်၍ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ကျောင်းဆောင်၊ စာသင်ဆောင်၊ ကျောင်းဝင်းအုတ်တံတိုင်းစသည့် ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများအား ဦးစားပေး ဆောင်ရွက်ရမည့်လုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လာမည့် ပညာသင်နှစ်အတွက် စာသင်ဆောင်နှင့် ကျောင်းအတွက်လိုအပ်ချက်များကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ချိန်အမီ စစ်ဆေးပြင်ဆင်ဆောင်ရွက်ပေးရေးတို့ကိုမှာကြား၍ ငလျင်ဘေးဒဏ်သင့်ပညာရေးဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြားကာ ကျောင်းအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း တက်ရောက်နေကြသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် စာသင်ဆောင်များ ထိခိုက်ပျက်စီးမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမအသစ် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် အဆောက်အအုံများ ဆောင်ရွက်ပေးနိုင်ရေး၊ ရေ၊ မီး၊ သန့်စင်ခန်းနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ငလျင်ဘေးဒဏ်သင့် စက်မှုလက်မှုသိပ္ပံ(နေပြည်တော်) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးဒဏ်သင့်သည့် စက်မှုလက်မှုသိပ္ပံ (နေပြည်တော်)သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။





ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်မှုလက်မှုသိပ္ပံ(နေပြည်တော်) ရှိ ငလျင်ဒဏ်သင့် ပင်မဆောင်၊ အလုပ်ရုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များကို သွားရောက် ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံကြံ့ခိုင်မှုဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း အဆင့်(၁) လုပ်ငန်းများကို ဆောင်ရွက်ပြီးချိန်တွင် သာမန်အဆင့် ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများ၊ အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများ၊ ဇွန်လ ကျောင်းဖွင့်ချိန်၌ ကျောင်းလုပ်ငန်းများ အဆင်ပြေပြေဆောင်ရွက်နိုင်အောင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လတ်တလော ပြုပြင်ရေး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ ရေရှည်တွင် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် ထိခိုက်မှု လျော့နည်းအောင် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်းသိရသည်။ သတင်းစဉ်

# ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့် မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မေ ၈ ရက်တွင် ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာပြည်စိုးသိမ်း၊ တာဝန်ရှိသူများနှင့်အတူ မိတ္ထီလာပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိခဲ့ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ကျောင်းဆောင်များ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဇွန်လ ကျောင်းဖွင့်ချိန်တွင် သင်ကြားအသုံးပြုနိုင်မည့် စာသင်ခန်းများကို ကြည့်ရှုသည်။

ယင်းနောက် ဆရာ ဆရာမ၊ ဝန်ထမ်းများအား စားသောက်ကုန်များကို ပေးအပ်ကာ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်းတက်ရောက်နေသော သင်တန်းသား ဆရာ ဆရာမများအား စာသင်ခန်းများတွင် တွေ့ဆုံအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်နှင့် မန္တလာတက္ကသိုလ်တို့သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးထိခိုက်မှုများကို ကြည့်ရှုစစ်ဆေးကာ ဇွန်လတွင် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သဖြင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားရေး၊ ပြန်လည်ပြုပြင်နိုင်သည်များကို ကျောင်းဖွင့်ချိန်မတိုင်မီ စနစ်တကျပြန်လည်ပြုပြင်ရေး၊ ငလျင်ဒဏ်သင့်ခဲ့သော ကျောင်းများကို အင်ဂျင်နီယာများနှင့်စနစ်တကျစစ်ဆေး၍ မှတ်ချက်ရယူရေး၊ ငလျင်ဒဏ်ထိခိုက်ခဲ့သော ဝန်ထမ်းမိသားစုများ နေထိုင်စားသောက်မှုအဆင်ပြေရေး ကိစ္စရပ်များကို ဆွေးနွေးပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပြီး ဝန်ထမ်းများအား ဆန်အိတ်များကိုပေးအပ်ကာ အားပေးစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် မိတ္ထီလာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာတွင် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ သင်တန်းသား ဆရာဆရာမများကို တွေ့ဆုံအားပေးသည်။ ထို့ပြင် ဒုတိယဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဘယ်လင်း အခြေခံပညာအထက်တန်းကျောင်းတွင် မျက်နှာကြက်များနှင့် နံရံများပြိုကျပျက်စီးမှု၊ မြေကျွံကျမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားမှုအရှိန်အဟုန်မပြတ်စေရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို ညှိနှိုင်းပေါင်းစပ်ကာ ဆရာ ဆရာမများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။



သတင်းစဉ်




# ကြက်ဥ/ကြက်သားများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ငလျင်ဒဏ်ခံစားနေရသော ရုံးဌာနအသီးသီးမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ ကြက်ဥနှင့် ကြက်သားများကို သက်သာသောဈေးနှုန်းဖြင့် စားသုံးနိုင်ရန် မိသားစုဝင်များ နေထိုင်လျက်ရှိသော ကယ်ဆယ်ရေးစခန်းများတွင် မတ် ၃၁ ရက်မှ ယနေ့အထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးမြို့ရှိ ဝန်ကြီးဌာနမှ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး၊ ဝန်ထမ်းများအား တွေ့ဆုံအားပေး

နေပြည်တော် ဧပြီ ၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယမန်နေ့ ညနေပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ရောဝတီဖောင်ဒေးရှင်းနှင့် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များက ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုများအတွက် လာရောက်လှူဒါန်းသော ထောက်ပံ့ငွေများနှင့် အစားအသောက်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများကို လက်ခံရယူပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများထံသို့ လွှဲပြောင်းဖြန့်ဝေပေးသည်။



## အားပေးစကားပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း/အမှုထမ်းများအား မန္တလေးစွမ်းဟိုတယ်၌ တွေ့ဆုံစဉ် အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့်အတူ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ယာယီနေရာချထားပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များအနေဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်ကြရေး၊ ကျန်းမာရေးနှင့် အသိသတိဖြင့် နေထိုင်ကြရေး၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများအား လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် စာရင်းဇယားများဖြင့် စနစ်တကျထိန်းသိမ်းထားရှိရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ၂၉ လမ်းပေါ်ရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အဆောက်အအုံနှင့် ၇၁ လမ်းရှိ ဝန်ကြီးဌာနမှ ဝန်ထမ်းအိမ်ရာသို့သွားရောက်ကာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းခြံဆိပ်ကမ်းသို့သွားရောက်ကာ ခရီးသွားဆွဲဆောင်ရာနေရာများနှင့် ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အလွယ်တကူသိရှိနိုင်ရန် ဝန်ကြီးဌာနမှ ဆောင်ရွက်ထားသည့် သတင်းပြန်ကြားရေးကောင်တာအား ကြည့်ရှုစစ်ဆေးကာ ခရီးသည်များကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးနိုင်ရေး၊ ဘာသာစကားနှင့် အသိပညာဗဟုသုတပြည့်စုံနေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရေး၊ ခရီးသွားဧည့်သည်များအတွက် လိုအပ်သည့်သတင်းအချက်အလက်များ ပြည့်စုံစွာထားရှိနိုင်ရေး စီမံဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် Aung Myint Mo Hotel သို့သွားရောက်ကာ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုပြီး ဟိုတယ်တာဝန်ရှိသူများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး မန္တလေးတိုင်းဒေသကြီးရှိ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးသည် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာရင်းစစ်ရုံးများသို့ ဧပြီ ၈ ရက်နှင့် ၉ ရက်တို့တွင် သွားရောက်ပြီး ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



## ပေးအပ်

ဦးစွာ ဒုတိယစာရင်းစစ်ချုပ်သည်ပျော်ဘွယ်မြို့နယ်၊ရမည်းသင်းမြို့နယ်နှင့် ကျောက်ဆည်ခရိုင်မြို့နယ် စာရင်းစစ်ရုံးများနှင့် စဉ့်ကိုင်မြို့နယ် စာရင်းစစ်ရုံးများသို့ရောက်ရှိပြီး ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာပျက်စီးမှု၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများ၏ ယာယီနေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများကို အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ဧပြီ ၈ ရက် မွန်းလွဲပိုင်းတွင် ဒုတိယစာရင်းစစ်ချုပ်သည် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးသို့ ရောက်ရှိပြီး ငလျင်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ရုံးလုပ်ငန်းစီမံဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ လုပ်ငန်းများ စနစ်တကျနှင့် ပြည့်စုံမှုရှိစွာ ဆောင်ရွက်စေရေးနှင့် ပျက်စီးအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးများနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယနေ့တွင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိတ္ထီလာခရိုင် စာရင်းစစ်ရုံး၊ တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် စာရင်းစစ်ရုံးများသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပျက်စီးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်အတွင်း မြေငလျင်ဘေးကြောင့် စိုက်ပျိုးရေ စိုးရိမ်မှုမဖြစ်ပေါ်စေရေး ကွင်းဆင်းဆောင်ရွက်

တပ်ကုန်း ဧပြီ ၉

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း နွေစပါးနှင့် နွေသီးနှံစိုက်တောင်သူများ မန္တလေးငလျင်ကြီးကြောင့် စိုက်ပျိုးရေ စိုးရိမ်ပူပန်မှုမဖြစ်ပေါ်စေရေး ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်နိုင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူ၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းနှင့် တာဝန်ရှိသူများသည် တောင်သူများနှင့် တွေ့ဆုံရှင်းလင်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မိုးနံကုန်း၊ မကျီးပင်၊ ညောင်လွန့်၊ ရေအေးစိုက်ပျိုးစီးပွား အသိပညာပေးခန်းမများ၌ ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံရှင်းလင်းရာတွင် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်နိုင်ဝင်းတို့က ငလျင်ဘေးကြောင့် နွေစပါးနှင့် နွေသီးနှံများအတွက် စိုက်ပျိုးရေရရှိမှုများ ပူပန်စိုးရိမ်မှုမရှိစေရေး၊ စိုက်ပျိုးရေနှင့်ပတ်သက်၍ ရေအလုံအလောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံရာတွင် မိုးနံကုန်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးခန်းမ၌ ကျေးရွာငါးရွာမှ နွေစပါးစိုက်တောင်သူ ၈၂ ဦး၊ မကျီးပင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးခန်းမ၌ ကျေးရွာခြောက်ရွာမှ စပါးစိုက်တောင်သူ ၆၂ ဦး၊ ညောင်လွန့်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးခန်းမ၌ ကျေးရွာခုနစ်ရွာမှ စပါးစိုက်တောင်သူ ၅၈ ဦး၊ ရေအေးကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးခန်းမ၌ ကျေးရွာသုံးရွာမှ စပါးစိုက်တောင်သူ ၄၀ တက်ရောက်ကြပြီး တပ်ကုန်းမြို့နယ်အတွင်း နွေစပါး ၈၉၉၈ ဧက၊ နွေသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ နေကြာသီးနှံပေါင်း ၁၂၈၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တင်စိုးလွင်



# ဒက္ခိဏသီရိမြို့နယ်၌ ရွှေလျားရေသန့်စက်ဖြင့် သောက်သုံးရေများ အခမဲ့ဖြန့်ဝေ



နေပြည်တော် ဧပြီ ၉

ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စုရှိ ထန်းတောဘုန်းကြီးကျောင်းတိုက်ရှေ့၌ ရွာမ၊ တပ်ပိုး၊ ပေါက်တောကျေးရွာများသို့ သောက်သုံးရေသန့်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ သောက်သုံးရေသန့်ဖြန့်ဝေခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လယ်ဝေးခရိုင် ဦးစီးမှူး ဦးမျိုးတင် ဦးစီးသောအဖွဲ့က ရွှေလျားရေသန့်စက်ဖြင့် သောက်သုံးရေဂါလန် ၂၀၀၀ ခန့်အား ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရွှေပင်လယ်(NPT)

# ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ငလျင်ဘေးကြောင့် ဝန်ထမ်းမိသားစုများ နေထိုင်ရန် ယာယီတဲများ ဆောက်လုပ်နေမှုနှင့် သုံးရေသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၉**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ ငလျင်ဘေးကြောင့် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်ရန် ယာယီတဲများ စတင်ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ယာယီတဲဆောက်လုပ်ရန် မြေနေရာအား ပန္နက်ရိုက်သွင်းပေးပြီး ယာယီနေအိမ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သုံးရေသွယ်တန်းခြင်း၊ ရေစင်ပြုပြင်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများ သန့်ရှင်းသည့်သုံးရေရရှိစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




**မန္တလေး မေ ၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ အလှူရှင်များက လာရောက်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထိုသို့လှူဒါန်းမှုတွင် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Mr.Zhang Wei နှင့် အလှူရှင်များဖြစ်သည့် China National Petroleum Corporation (CNPC) က ငလျင်ဘေးသင့်ပြည်သူများအတွက် ဒေါ်လာငါးသောင်းတန်ဖိုးရှိ စားသုံးဆီများ၊ အသင့်စားခေါက်ဆွဲထုပ်များနှင့် ဆန်အိတ်များ၊ မန္တလေး-တရုတ်လုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် သိန်း ၁၀၀၀ နှင့် ငွေကျပ်သိန်း ၂၃၀ တန်းဖိုးရှိ လူသုံးကုန်နှင့် စားသောက်ကုန်များ၊ Myanmar Conch Cement Co.,Ltdက အလှူငွေကျပ်သိန်း ၅၀၀ နှင့် ငွေကျပ်သိန်း ၉၀ တန်ဖိုးရှိ ရေသန့်ဘူး ၃၀၀၀၀၊ မြန်မာစီချမ်-ချုံချင်း အထွေထွေကုန်သည်ကြီးများအသင်းနှင့် CKYY Co.,Ltd က အလှူငွေကျပ်သိန်း ၅၀၀ နှင့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ ဆီပိဿာ ၃၀၀၀ နှင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ရေသန့်ဘူး ၁၀၀၀၊ Power X Co.,Ltd က ဦးဆောင်၍ အလှူရှင်များက Power X Power Station 500W တစ်လုံး၊ ဆိုလာပြား 160 W တစ်ခု၊ ဖျာနှင့်ခြင်ထောင်၊ ထမင်းပေါင်းအိုးတစ်လုံး၊ LED မီးသီးများပါဝင်ပြီး စုစုပေါင်းငွေကျပ် ၆၅ သိန်းတန်ဖိုးရှိ လူဦးရေ ရှစ်ဦးအသင့်နေထိုင်နိုင်သည့် ယာယီအဆောက်အအုံ ကနဦးအလုံး ၅၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများ ပြန်လည်နေရာချထားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အဖွဲ့သည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် နေပြည်တော် ဝန်ထမ်းမိသားစုများ နေထိုင်ရေးအတွက် ပြန်လည်နေရာချထားပေးနိုင်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ (၉)မိုင်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနပိုင် ဝန်ထမ်းအိမ်ရာများ၊ လစ်လပ် အဆောက်အအုံများ၊ ရုံးခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဌာနတာဝန်ရှိသူများအား တွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိမိတို့ဝန်ကြီးဌာနပိုင် လစ်လပ် ဝန်ထမ်းအိမ်ရာများအား စာရင်းပြုစုတင်ပြနိုင်ရေး၊ ဝန်ထမ်းမိသားစုများ လာရောက်နေထိုင်ပါက သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် လိုအပ်ချက်များ အဆင်ပြေလွယ်ကူစေရေး ကြိုတင်ပြင်ဆင်ထားကြရန် ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် နေပြည်တော်ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ နေထိုင်မှုအခက်အခဲများ ဖြေရှင်းပေးနိုင်ရန်နှင့် ဝန်ကြီးဌာန၏လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းများအား နေပြည်တော် ကောင်စီနယ်မြေအတွင်း မဖြစ်မနေ နေရာချထားပြီး ဝန်ထမ်းမိသားစုများအား ရန်ကုန်မြို့အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ပြောင်းရွှေ့နေရာချထားမည်ဖြစ်၍ ရန်ကုန်မြို့ရှိ ဝန်ထမ်းအိမ်ရာများသို့ ကျောင်းဖွင့်ရာသီအမီ ပြောင်းရွှေ့နေရာချထားနိုင်ရန် ပြင်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





# မန္တလေးငလျင်ဒဏ်ခံခဲ့ရသည့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ် ပြုပြင်မွမ်းမံ၍ စိုက်ပျိုးရေ ပြန်လည်ပေးဝေ

**နေပြည်တော် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေရေလွှဲဆည် ရေသောက်စနစ်ရှိ လက်ဝဲမြောင်းမကြီးနှင့် လက်ယာမြောင်းမကြီးများသို့ ရောက်ရှိကြပြီး မန္တလေးငလျင်ဒဏ်ကြောင့် ရေပေးမြောင်းမကြီး တစ်လျှောက်နှင့် လက်တံမြောင်းများ၏ ထိခိုက်ပျက်စီးမှုအား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူ ပြန်လည်မွမ်းမံ၍ စိုက်ပျိုးရေပြန်လည်ပေးဝေနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး၏ စိုက်ပျိုးရေ အမြန်ဆုံးပြန်လည်ပေးဝေနိုင်ရေး လမ်းညွှန်မှာကြားချက်ပေါ် မေ ၈ ရက်မှစ၍ ရေပေးဝေလျက်ရှိရာ ယနေ့တွင် လက်ဝဲမြောင်းမကြီး၏ မြောင်းဆုံးအထိ စိုက်ပျိုးရေ ရောက်ရှိပြီး လက်ယာမြောင်းမကြီးအနေဖြင့် ပေတိုင် ၂၇၀၀၀ အထိ စိုက်ပျိုးရေများရရှိကာ လက်တံမြောင်းများနှင့် လက်တံမြောင်းခွဲများတွင်လည်း အပိုင်းလိုက် ပြန်လည်ပြင်ဆင်ပြီး စိုက်ပျိုးရေများ ပြန်လည်ပေးဝေလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆင်သေရေလွှဲဆည်အား ယာယီမြေသား တမံပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ဆင်သေရေလွှဲဆည် လက်ဝဲမြောင်းမကြီးနှင့် လက်ယာမြောင်းမကြီး ရေသောက်စနစ်များတွင် နွေစပါးနှင့် နွေအခြားသီးနှံ မူလလျာထားချက် စိုက်ဧကများအတိုင်း စိုက်ပျိုးရေ ဆက်လက်ပေးဝေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းမြို့ရှိ လူနေအိမ်တိုက်တာများ ပြိုကျပျက်စီးနေမှုများနှင့် ပြန်လည်ရှင်းလင်းဖယ်ရှားနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၉**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဥမင်ကိုးဆယ်စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ၊ဟံသာဂီရိဘုန်းတော်ကြီး ကျောင်းတိုက်ကြီးနှင့် လေးကျွန်းမာရ်အောင်စေတီတော်မြတ်ကြီး၊ စစ်ကိုင်းမြို့ ရိုင်တန်းရပ်ကွက်ရှိ RC CHURCH ကျောင်းနှင့် မင်းလမ်းရပ်ကွက်ရှိ မြို့တော်ဗလီ၊ မိုးကျ ဗလီ၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ပေါ်ရှိ နေအိမ်တိုက်တာများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက လည်းကောင်း၊ စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၊ စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ သာသနိကအဆောက်အအုံများ၊ အရန်စေတီများ၊ ချင်းစုရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့် စစ်ကိုင်းမြို့ သောတပန်းရပ်ကွက် သံပုဏ္ဏာရာမကျောင်းတိုက်တို့အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် တပ်မတော်ရေသန့်စက်ရုံမှ ရေဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေ ဖြန့်ဝေနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ အထွေထွေရောဂါကုဆေးရုံ (ခုတင်-၂၀၀) သို့သွားရောက်၍ ဆေးကုသမှုခံယူလျက်ရှိသော ရဟန်းရှင်လူများပြည်သူများအား တွေ့ဆုံအားပေးပြီး ဆေးရုံရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့သို့ ရောက်ရှိနေသော အိန္ဒိယနိုင်ငံမှ Colonel RAKESH KADEKHAR ဦးဆောင်သော ဆောက်လုပ်ရေးအင်ဂျင်နီယာအဖွဲ့များအား သွားရောက်တွေ့ဆုံ၍ စစ်ကိုင်းတံတား(အင်းဝ)ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော Sky Villa၊ မန္တလေးတောင်တော်ရှိ တန်ဆောင်းများ၊ အရန်စေတီများနှင့် ခေတ်လှေကားနေရာများ၊ စန္ဒာမုနိဘုရား၊ ကုသိုလ်တော်ဘုရား၊ အတုမရှိရွှေကျောင်းနှင့် မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နေရာများနှင့် မြို့တွင်းလမ်းမကြီးများသို့ လည်းကောင်း သွားရောက်ကြည့်ရှု၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဘုရားကြီး၊ အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက်၊ ချမ်းမြသာစည်မြို့နယ် တပ်မတော်စည်သွတ်စက်ရုံ၊ နန်းမြို့ရိုးနေရာများ၌ အပျက်အစီးများဖယ်ရှားရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ပေါ်စေတီ၊ ကျောက်သေတ္တာစေတီတောင်ပေါ်ရှိ ကျောက်သေတ္တာကြီး တည်ရှိမှုအခြေအနေ၊ ကြောင်ပန်းကုန်းအတွင်းရှိ သမိုင်းဝင်တမုတ်ရှင်ပင် ရွှေဂူဘုရားကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည် တည်ဆောက်ရေးတို့အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောက်ဆည်မြို့ပြည်သူ့ဆေးရုံရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများအား ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့မှ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတား၊ အဆောက်အအုံများ အမြန်ဆုံး ပြန်လည်တည်ဆောက်မည့် အခြေအနေများကို ဆွေးနွေးညှိနှိုင်းကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများအား စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် မေ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်က ကော့သောင်းတပ်နယ်ရှိ အောင်သူရခန်းမ၌ သွားရောက်တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ မြိတ်မြို့၊ ထားဝယ်မြို့နှင့် ဘုတ်ပြင်းမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိများက သက်ဆိုင်ရာတပ်နယ်များရှိ ခန်းမအသီးသီး၌ သွားရောက်တွေ့ဆုံပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

မန္တလေး ဧပြီ ၉

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ပဒုမသာရ အမှူးပြုသော ဆရာတော်ကိုးပါးတို့က မြတ်စွာဘုရားရှင်၏ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ယမန်နေ့ ညနေ ၄ နာရီ ၅ မိနစ်မှစတင်၍ မန္တလေးမြို့အတွင်း လှည့်လည်ရွတ်ဖတ်ပူဇော်ကြသည်။

အလားတူ ဝတ်အသင်းများကလည်း သက်ဆိုင်ရာ မြို့နယ်အသီးသီးတွင် ယမန်နေ့ည ၇ နာရီမှစတင်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ကြရာ ယမန်နေ့ညပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ (အတုမရှိ)ကျောင်းတော်ကြီးတွင် ရွတ်ဖတ်ပူဇော်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ တက်ရောက်ကြည်ညိုကြသည်။

အန္တရာယ်ကင်း ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဧပြီ ၁၆ ရက်အထိ ကိုးရက်တိုင် နေ့စဉ်ည ၇ နာရီမှစတင်၍ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# အားကောင်းသောလေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆-၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀-၄-၂၀၂၅ ရက်နေ့မှ ၁၃-၄-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၉-၄-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆-၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၄-၄-၂၀၂၅ ရက်နေ့မှ ၁၇-၄-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




နေပြည်တော် ဧပြီ ၉

ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၆ နာရီအတွင်း မြောက်ယွန်းယွန်းသို့ ရွေ့လျားနိုင်ပြီး၊ ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နောက် ၃၀ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ ဧပြီ ၁၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ ဧပြီ ၁၂ ရက်မှ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကိုလည်းကောင်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၆)ရပ်ကွက် အောင်မြေသာယာကွင်း အားကစားခန်းမ၌ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

သင်တန်းဆင်းပွဲတွင် တိုက်ကွမ်ဒိုသင်တန်းသားများက သရုပ်ပြသပြီး သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ခြင်း၊ နွေရာသီအားကစားသင်တန်းတွင် ဘောလုံးအားကစား၊ တိုက်ကွမ်ဒိုအားကစား၊ဖူဆယ်အားကစားနည်းမှ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်း၊ နွေရာသီအခြေခံဘောလုံးသင်တန်းဆင်းပွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊တံခွန်စိုက်ဒိုင်းနှင့်ငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆု ငွေကျပ် ၇၀၀၀၀၊သရုပ်ပြတိုက်ကွမ်ဒို သင်တန်းသားများအား ငွေကျပ် ၂၀၀၀၀၀၊ဘောလုံးအားကစားသမားများအား ငွေကျပ် ၂၀၀၀၀၀ နှင့် ဖူဆယ်အားကစားသမားများအား ငွေကျပ် ၂၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၇၇၀၀၀၀တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ အဖွဲ့ဝင်(၁) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ အားကစားမှူး ဒေါ်ဖြိုးမွန်စံတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# လျှင်လှုပ်ခတ်ခြင်းကြောင့် တိရစ္ဆာန်များ၊ သဘာဝပတ်ဝန်းကျင်များအပေါ် သက်ရောက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ချဉ်းကပ်မှု

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇ ဒေါက်တာခင်စန္ဒာလွင်(မွေး/ကု) ◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇



ငလျင်လှုပ်ခတ်ခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိများအပေါ် ကြီးမားသောသက်ရောက်မှုရှိပါသည်။ လူသားများသာမက တိရစ္ဆာန်များနှင့် သစ်ပင်များကို သိသိသာသာ ထိခိုက်စေနိုင်ပြီး နေထိုင်ရာ ပျက်စီးခြင်း၊ ရွှေ့ပြောင်းခြင်းများကိုဖြစ်စေနိုင်ပါသည်။ ငလျင်ကြောင့် မြေပြိုမှုများဖြစ်ပေါ်ကာ သဘာဝကျက်စားရာနေရာများပျက်စီးခြင်း၊ တိရစ္ဆာန်များဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်စေနိုင်သည်။ လူနေမြို့ရွာများတွင် နေထိုင်သော တိရစ္ဆာန်များမှာ ပြိုကျသော အဆောက်အအုံအောက်၌ မြှုပ်နှံခံရနိုင်သည်။

ငလျင်သည် ကုန်းပေါ်တွင် မနေထိုင်သော တိရစ္ဆာန် များ (ဥပမာ – ဝေလငါးများ) အပေါ်တွင်ပါ သက်ရောက်မှုရှိသည်။ ငလျင်မှထွက်ပေါ်လာသော ရေအောက်အသံများသည် ကမ္ဘာပေါ်တွင် အကျယ်ဆုံးအသံများထဲမှ တစ်ခုဖြစ်သောကြောင့် ဝေလငါးများတွင် အကြားအာရုံဆိုင်ရာပြဿနာများ၊ နေရပ်ပြောင်းရွှေ့ခြင်းနှင့် အပြုအမူပြောင်းလဲမှုများဖြစ်ပေါ်စေနိုင်သည်။ ဝေလငါးများသည် အသံဖြင့် ဆက်သွယ်ခြင်း၊ သားကောင်ရှာဖွေခြင်းနှင့် လမ်းကြောင်းရှာခြင်းတို့အတွက် အကြားအာရုံကို မှီခိုအားထားရသောကြောင့် ဤအချက်သည် ၎င်းတို့အတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။

လေ့လာမှုများအရ တိရစ္ဆာန်များသည် ငလျင်ကို အမျိုးမျိုးသောနည်းလမ်းဖြင့် တုံ့ပြန်ကြပြီး အထူးသဖြင့် ခွေးများနှင့်နွားများတွင် ပိုမိုသိသာထင်ရှားသော တုံ့ပြန်မှုများရှိကြောင်း တွေ့ရှိရသည်။ လေ့လာချက်များအရ တိရစ္ဆာန်များသည် ငလျင်လှုပ်ခတ်မှုကို လူသားများထက် မိနစ်ပိုင်းမှနာရီပိုင်းအလိုတွင် ကြိုတင်သိရှိနိုင်ကြောင်း တွေ့ရှိရသည်။ ဤအချက်မှာ ၎င်းတို့၏ P-wave (Primary wave) နှင့် အနိမ့်ကြိမ်နှုန်းအသံ (Infrasound 20 Hz အောက်ကြိမ်နှုန်း)များကို အာရုံခံနိုင်သော အထူးစွမ်းရည်ကြောင့်ဖြစ်သည်။ ငလျင်လှုပ်ခတ်စဉ် အစောပိုင်းတွင် မြေကြီးအတွင်းမှ အလျင်မြန်ဆုံးဖြတ်သန်းသော P-waves (ပထမလှိုင်း)ကို တိရစ္ဆာန်များက လူသားများထက် ပိုမိုအာရုံခံနိုင်သည်။ P-waves သည် S-waves(ဒုတိယလှိုင်း) ထက် လျင်မြန်ပြီး ပျက်စီးမှုနည်းသော်လည်း တိရစ္ဆာန်များ၏ အာရုံကြောစနစ်နှင့် မြေကြီးတုန်ခါမှုအား ခံနိုင်စွမ်းရှိခြင်းတို့ကြောင့် ၎င်းတို့သည် ဤလှိုင်းများကို စောင့်ကြည့်နိုင်သည်။ ဥပမာ ဆင်များသည် နှာမောင်းဖျားဖြင့် မြေကြီးကိုထိတွေ့ကာ P-waves ကို အာရုံခံပြီး ငလျင်မလှုပ်မီ စက္ကန့်ပိုင်းအတွင်း တုန်လှုပ်မှုကို သိရှိနိုင်သည်။ ခွေး၊ နွားကဲ့သို့သော တိရစ္ဆာန်များသည် ငလျင်မလှုပ်မီနာရီပိုင်း/ ရက်ပိုင်း ကြိုတင်၍ ပုံမှန်မဟုတ်သော ငြိမ်သက်ခြင်း သို့မဟုတ် ဂနာမငြိမ်ခြင်း အလွန်အမင်း လှုပ်ရှားတတ်ကြသည်။

၂၀၀၄ ခုနှစ် ဆူနာမီဘေးအတွင်း အိန္ဒိယသမုဒ္ဒရာကမ်းခြေရှိတိရစ္ဆာန်များသည် ဘေးအန္တရာယ်မရောက်မီ ကုန်းမြင့်ဘက်သို့ ပြေးခဲ့ကြသည်ကို တွေ့ရှိရသည်။ ဤဖြစ်ရပ်သည် တိရစ္ဆာန်များ၏ သဘာဝဘေးကြိုတင်သိရှိနိုင်စွမ်းကို အတည်ပြုခဲ့သည်။

ငလျင်ကြောင့် မွေးမြူရေးတိရစ္ဆာန်များအပေါ် ပြင်းထန်သော သက်ရောက်မှုရှိနိုင်ပြီး ဒဏ်ရာရခြင်း၊ သေဆုံးခြင်းနှင့် မွေးမြူရေးထုတ်လုပ်မှုများနှောင့်နှေးခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ တိရစ္ဆာန်များ၏ကျန်းမာရေးနှင့် အစားအစာဖူလုံရေးအတွက် ရေရှည်အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ပါသည်။

အထူးသဖြင့် မတ် ၂၈ ရက်က လှုပ်ခတ်သော ငလျင်ကြောင့် မြန်မာနိုင်ငံ၌ ကြီးမားသောပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး နေရာရွှေ့ပြောင်းရခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းနှင့်အတူ လူနှင့် တိရစ္ဆာန်များ အကြီးအကျယ် ထိခိုက်ခဲ့ပါသည်။ အလားတူပင် တောရိုင်းတိရစ္ဆာန်များနှင့် မွေးမြူရေးတိရစ္ဆာန်များအပေါ်တွင်လည်း သက်ရောက်မှုရှိခဲ့သည်။ "Veterinarians Without Borders" (VWB) အဖွဲ့၏ထုတ်ပြန်ချက်အရ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတို့တွင် မွေးမြူရေးတိရစ္ဆာန်များ ထိခိုက်ခဲ့သည်။ ဤအခြေအနေသည် မွေးမြူရေးလုပ်ကိုင်နေသူများအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး တိရစ္ဆာန်များ၏ဘဝနှင့် လူမှုစီးပွားအပေါ်ရေရှည်သက်ရောက်မှုရှိနိုင်သည်ကို သတိပြုမိရန် အရေးကြီးပါသည်။

> **ငလျင်ကြောင့် လယ်သမားများနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်များ ဆုံးရှုံးခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းနှင့် ထုတ်လုပ်မှုများနှောင့်နှေးခြင်းတို့ကြောင့် ကြီးမားသော စီးပွားရေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သည်။ တိရစ္ဆာန်များသည် ရောဂါဖြစ်ပွားမှုများနှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုကဲ့သို့သော အခြားဘေးအန္တရာယ်များကို ပိုမိုခံနိုင်ရည်နည်းလာနိုင်သည်။ တိရစ္ဆာန်များဒဏ်ရာရခြင်း၊ စိတ်ဖိစီးခြင်း သို့မဟုတ် လုံလောက်သောအစာနှင့် နေရာထိုင်ခင်းမရရှိခြင်းတို့ကြောင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအပေါ် ကြီးမားသောသက်ရောက်မှုရှိနိုင်**

**ငလျင်၏ တိရစ္ဆာန်များအပေါ် တိုက်ရိုက် သက်ရောက်မှုများ**

**မြေပြိုမှုနှင့် မြေအက်ကြောင်းများ** – တောတောင်ဒေသများတွင် တိရစ္ဆာန်ကျက်စားရာနေရာများ ပျက်စီးခြင်း ၊ မြေအောက်နေတိရစ္ဆာန်များ မြေမြှုပ်သေဆုံးခြင်း၊ နွားနှင့်ကျွဲများကဲ့သို့သော တိရစ္ဆာန်များ ဒဏ်ရာရနိုင်ခြင်းတို့ ကြုံတွေ့နိုင်သည်။

**မြေမျက်နှာပြင်အမြင့် ပြောင်းလဲခြင်း** – ရေချိုငါးများ၏ ရေစီးကြောင်းပြောင်းခြင်း၊ ရေတိမ်ဒေသများ ပျောက်ဆုံးခြင်းနှင့် ကုန်းနေ ရေနေသတ္တဝါများ (ဥပမာ– လိပ်၊ ဖား)၏ ပတ်ဝန်းကျင်ပျက်စီးခြင်းတို့ ဖြစ်ပေါ်နိုင်သည်။

**သွယ်ဝိုက်သော သက်ရောက်မှုများ**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ – FAO ၏ အချက်အလက်များအရ ငလျင်များသည် မွေးမြူရေးကဏ္ဍကို ပြင်းထန်စွာထိခိုက်စေပြီး ထုတ်လုပ်မှုဆုံးရှုံးခြင်းများ၊ တိရစ္ဆာန်များအတွက် နေရာထိုင်ခင်းများပျက်စီးခြင်းနှင့် တိရစ္ဆာန်များစွာသေဆုံးခြင်းတို့ကိုဖြစ်ပေါ်စေခဲ့သည်။ ငလျင်ကြောင့် လယ်သမားများနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်များ ဆုံးရှုံးခြင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခြင်းနှင့် ထုတ်လုပ်မှုများနှောင့်နှေးခြင်းတို့ကြောင့် ကြီးမားသော စီးပွားရေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သည်။ တိရစ္ဆာန်များသည် ရောဂါဖြစ်ပွားမှုများနှင့် ပတ်ဝန်းကျင်မသန့်ရှင်းမှုကဲ့သို့သော အခြားဘေးအန္တရာယ်များကို ပိုမိုခံနိုင်ရည်နည်းလာနိုင်သည်။

တိရစ္ဆာန်များဒဏ်ရာရခြင်း၊ စိတ်ဖိစီးခြင်း သို့မဟုတ် လုံလောက်သောအစာနှင့် နေရာထိုင်ခင်းမရရှိခြင်းတို့ကြောင့် တိရစ္ဆာန်များ၏ ကျန်းမာရေးအပေါ် ကြီးမားသော သက်ရောက်မှုရှိနိုင်သည်။ မွေးမြူရေးထုတ်လုပ်မှုများနှောင့်နှေးခြင်းကြောင့် အသား၊ နို့နှင့် အခြားတိရစ္ဆာန်ထွက်ကုန်များ ရှားပါးလာနိုင်ပြီး အသားကဏ္ဍထုတ်လုပ်မှုကို ထိခိုက်စေနိုင်သည်။ နွားများတွင် စိတ်ဖိစီးမှုဟော်မုန်း (Cortisol) များပြားခြင်းသည် နို့ထုတ်လုပ်မှုကိုဟန့်တားခြင်းကြောင့် နို့ထွက်နှုန်း ၃၀–၅၀ ရာခိုင်နှုန်းအထိကျဆင်းနိုင်သည်။ နို့အုံရောင်ခြင်း (Mastitis)ဖြစ်နှုန်း မြင့်တက်လာခြင်းနှင့် အာဟာရချို့တဲ့မှုကြောင့် နို့အရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်နိုင်သည်။ ကြက်များ၏ ဥ ဥမှု ၂၀–၃၀ ရာခိုင်နှုန်းအထိ လျော့ကျပြီး ဥ အရွယ်အစားသေးငယ်လာခြင်း၊ ဥခွံပါးလာခြင်းများနှင့် ကြက်များ၏ မျိုးဥဖွံ့ဖြိုးမှု နှောင့်နှေးခြင်းများ ဖြစ်မည်။ ဝက်၊ နွားများတွင် အစာစားနှုန်း ကျဆင်းမှုကြောင့် တစ်နေ့လျှင် ၀ ဒသမ ၅–၁ ကီလိုဂရမ်အထိ ကိုယ်အလေးချိန် ဆုံးရှုံး၍ စိတ်ဖိစီးမှုကြောင့် အသားတွင် Lactic Acid များပြားကာ အသားမာခြင်းကြောင့် အသားအရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်မည်။ ထိုသို့သော အခြေအနေများဖြစ်ပါက ဖြည့်စွက်စာများ ပိုမိုကျွေးမွေးခြင်း၊ ပရိုတင်းဓာတ်မြင့်မားသောအစာများ ထည့်သွင်းကျွေးမွေးခြင်း၊ ဗီတာမင် B Complex ဖြည့်စွက်စာများပေးခြင်း၊ တိရစ္ဆာန်များအား ငြိမ်သက်စွာထားရှိရန် နေရာလုံလောက်စွာဖန်တီးပေးခြင်းနှင့် အလင်းရောင်နှင့် အသံဆူညံမှုကို ထိန်းညှိပေးခြင်းများ ပြုလုပ်ပေးနိုင်ပါသည်။ နို့ထွက်နှုန်းနှင့် ဥဥနှုန်းကို နေ့စဉ်မှတ်တမ်းတင်ရန်လိုအပ်မည်။ ငလျင်လှုပ်ခတ်ပြီးနောက် ထုတ်လုပ်မှုပမာဏ ပုံမှန်ပြန်ဖြစ်ရန် ၃–၆ လအထိ ကြာမြင့်နိုင်ပါသည်။ ထိုကာလအတွင်း အာဟာရနှင့် ကျန်းမာရေးစောင့်ကြည့်မှုများ အထူးဂရုပြုရန်လိုအပ်ပါသည်။

**စာမျက်နှာ ၁၉ သို့ ❍**

❍ စာမျက်နှာ ၁၈ မှ

အထူးသဖြင့် ငလျင်လှုပ်ခတ်ပြီး နောက်ဆက်တွဲပြဿနာကို ရှောင်ရှားနိုင်ရန်အတွက် တိရစ္ဆာန်များကို မြေသားအရည်ပျော်ခြင်း (liquefaction) နှင့် ရေကြီးရေလျှံသည့်နေရာများမှ ဝေးရာသို့ ခေါ်ဆောင်ပါ။ ထိုရေများတွင် ဇီဝဆိုင်ရာ စွန့်ပစ်ပစ္စည်းများနှင့် ဓာတုပစ္စည်းများ ပါဝင်နိုင်သည်။ တိရစ္ဆာန်များကို မသန့်ရှင်းသောရေတွင် ကြာရှည်စွာထားပါက ဗက်တီးရီးယားပိုးဝင်ခြင်းနှင့် ဓာတုမီးလောင်ဒဏ်ရာများဖြစ်ပေါ်ကာ အရေပြားပျက်စီးနိုင်သည်။ အကယ်၍ ထိခိုက်ပါက သန့်ရှင်းသောရေဖြင့် ဆေးခြင်း သို့မဟုတ် ရေချိုးပေးခြင်းဖြင့် အရေပြားနှင့်အမွေးကို သန့်စင်ပေးနိုင်သည်။

တိရစ္ဆာန်များကို မသန့်ရှင်းသောရေ မသောက်မိစေရန်ဂရုပြုပါ။ သန့်ရှင်းသောရေကို လုံလောက်စွာ ထောက်ပံ့ပေးပါ။ အိမ်မွေးတိရစ္ဆာန်များအတွက် ပုလင်းထဲသို့ထည့်ထားသောရေ သို့မဟုတ် ကျိုချက်ထားသော ရေကိုတိုက်ပါ။ အနည်းဆုံး ငါးရက်စာ အစာနှင့်ရေကို အဆင်သင့်ထားပါ။ တိရစ္ဆာန်အများစုသည် ရေဓာတ်ထိန်းသိမ်းရန် ၂၄ နာရီအတွင်း ၎င်းတို့၏ ကိုယ်အလေးချိန် တစ်ကီလိုဂရမ်လျှင် ၆၀ မီလီလီတာ လိုအပ်သည်။ စားကျက်မြက်ခင်းနှင့် သိုလှောင်ထားသောအစာများသည် မြေပြိုခြင်း သို့မဟုတ်ရေလျှံခြင်းကြောင့်စားသုံး၍မရဖြစ်နိုင်သဖြင့် တိရစ္ဆာန်များအတွက် အရန်အစာကို အဆင်သင့်ထားရှိပါ။ အားနည်းသောတိရစ္ဆာန်များနှင့် မွေးဖွားရန်နီးကပ်နေသောတိရစ္ဆာန်များကို ဦးစားပေးကျွေးပါ။

**ငလျင်၏ သဘာဝပတ်ဝန်းကျင်**

**ညစ်ညမ်းမှုဆိုင်ရာ သက်ရောက်မှုများ**

**ရေအရင်းအမြစ်များ ညစ်ညမ်းခြင်း** – ငလျင်ကြောင့် ရေပေးဝေရေးစနစ်များ ပျက်စီးသွားပါက ရေညစ်ညမ်းမှုဖြစ်ပေါ်ကာ တိရစ္ဆာန်များ သန့်ရှင်းသောရေကိုရရှိရန် ခက်ခဲသွားနိုင်သည်။ မြေပြိုမှုကြောင့် ရွှံ့ညွန်များရေထဲရောက်ခြင်းနှင့် မြစ်၊ ချောင်းများတွင် မြေဆီလွှာနှင့် ကျောက်စရစ်ခဲများ စီးဝင်ကာ ရေနုတ်မြောင်းပိတ်ဆို့ခြင်း၊ ရေသတ္တဝါများ (ငါး၊ ဖား) အသက်ရှူလမ်းကြောင်းပိတ်၍ သေဆုံးခြင်း၊ စက်ရုံ/အိမ်သုံးရေဆိုးပိုက်များ ပျက်စီးခြင်းကြောင့် အန္တရာယ်ရှိဓာတုပစ္စည်းများ (ပိုးသတ်ဆေး၊ အော်ဂဲနစ်အညစ်အကြေး) ရေထဲစိမ့်ဝင်ခြင်း၊ လူနှင့်တိရစ္ဆာန်များအတွက် အသည်းအဆိပ်သင့်ခြင်း၊ ကင်ဆာဖြစ်စေနိုင်သော ဒြပ်ပေါင်းများ စုပုံလာခြင်း။

**မြေဆီလွှာနှင့်စားကျက်များ ပျက်စီးခြင်း** – လူနှင့်တိရစ္ဆာန်အညစ်အကြေးများ မြေကြီးထဲစိမ့်ဝင်၍ ဗက်တီးရီးယား/ ဗိုင်းရပ်စ်များ ပေါက်ပွားခြင်း– (ဥပမာ– အူရောင်ငန်းဖျား)၊ နွားများ မြေကြီးမှတစ်ဆင့် နို့ထဲသို့ အာဆင်းနစ်ဓာတ် စိမ့်ဝင်နိုင်ခြင်း၊ စိုက်ပျိုးမြေများ အထွက်နှုန်းကျဆင်းခြင်း၊ မြေဆီလွှာအပေါ်ယံပျက်စီးခြင်းကြောင့် စားကျက်မြက်ခင်းများ ရှားပါးခြင်း။

**တိရစ္ဆာန်များ၏ ပြုမူနေထိုင်မှုနှင့်**

**ဂရုစိုက်ရန် အချက်များ**

ငလျင်ကြောင့် တိရစ္ဆာန်များသည် အလန့်တကြားဖြစ်ကာ ထွက်ပြေးတတ်ပြီး လမ်းတစ်လျှောက်ရှိ အဆောက်အအုံများကို ပျက်စီးစေနိုင်သည်။ တိရစ္ဆာန်များကို ဒဏ်ရာရှိ/မရှိ စစ်ဆေးပါ။ သေးငယ်သော အပေါက်လေး သို့မဟုတ် အနာစိမ်းကဲ့သို့ မထင်ရှားသော ဒဏ်ရာများလည်း ဖြစ်နိုင်သည်။ လူများနှင့်မတူဘဲ တိရစ္ဆာန်များသည် နာကျင်မှုကို ဖုံးကွယ်တတ်သောကြောင့် သတိထားမိရန် ခက်ခဲသည်။ အကယ်၍ တိရစ္ဆာန်များတွင် အတွင်းပိုင်း သို့မဟုတ် အပြင်ပိုင်းဒဏ်ရာများရှိသည်ဟု သံသယရှိပါက ဆေးကုသပေးနိုင်သော တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ဆက်သွယ်ပါ။ အရေးပေါ်အခြေအနေတစ်ခုဖြစ်ပြီးနောက် တိရစ္ဆာန်များသည် စိတ်ဖိစီးမှုလက္ခဏာများကို ကွဲပြားစွာ ပြသနိုင်သည်။

**ငလျင်လှုပ်ခတ်ပြီးနောက်**

**အရေးပေါ်ဖြေရှင်းနည်းများ**

- ပလတ်စတစ်စင် (သို့) သစ်သားဖြင့် အရေးပေါ်ခြံများ ပြုလုပ်ပေးခြင်း၊ တိရစ္ဆာန်များအား အုပ်စုလိုက်ထားရှိ၍ အန္တရာယ်ကာကွယ်ခြင်း။
- အစိုးရအဖွဲ့အစည်းများ၊ INGO များနှင့်ပူးပေါင်း၍ အရေးပေါ်အစာထောက်ပံ့ခြင်း၊ ရေသန့်ဘူးများ (သို့မဟုတ်) ရေသန့်စက်များဖြန့်ဝေခြင်း (သို့မဟုတ်) ရေကို ကျိုချက်ခြင်းနှင့် ကလိုရင်းခတ်ပြီးမှ တိရစ္ဆာန်များကို တိုက်ခြင်း။
- ရေရှည်တည်တံ့သော ရေသိုလှောင်စနစ်များ (ဥပမာ– မိုးရေခံကန်များ) တည်ဆောက်ခြင်း။
- ဒဏ်ရာရသော (သို့မဟုတ်) နာမကျန်းဖြစ်သော တိရစ္ဆာန်များအတွက် ကုသရေးအစီအစဉ် ပြင်ဆင်ထားရှိခြင်း။
- ရောဂါမပြန့်ပွားစေရန် ဇီဝလုံခြုံရေးနည်းလမ်းများ (Biosecurity)နှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊
- အိမ်မွေးတိရစ္ဆာန်များစွာသည် မိမိတို့ပိုင်ရှင်များနှင့် ကွဲကွာသွားတတ်ပြီး လမ်းဘေးတိရစ္ဆာန်များမှာ ရက်ပေါင်းများစွာ အစားအစာနှင့် ခိုလှုံရာမရှိဘဲ ကျန်ရစ်တတ်သဖြင့် ပျောက်ဆုံးနေသော အိမ်မွေးတိရစ္ဆာန်များအတွက် ရှာဖွေရေး ပိုစတာများ ကပ်ခြင်း။
- စားကျက်များ ပြန်လည်ဖော်ဆောင်ခြင်း။ မြေပြုပြင်ပြီး မြက်မျိုးစေ့များ ပြန်လည်စိုက်ပျိုးရာတွင် ဓာတုမြေဩဇာအစား ဇီဝသဘာဝမြေဩဇာများ (ဥပမာ– နွားချေး)သုံးပါ။ ငလျင်ဖြစ်ပွားပြီး နှစ်ပတ်အတွင်း နေထိုင်ရာနှင့် အစာရေစာပြတ်လပ်မှုသည် တိရစ္ဆာန်များ၏ အသက်အန္တရာယ်ကို အများဆုံးခြိမ်းခြောက်နိုင်သော အချိန်ဖြစ်သဖြင့် ဤကာလတွင် အထူးဂရုစိုက်ရန် လိုအပ်ပါသည်။
- အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းနှင့် မွေးမြူရေးထုတ်လုပ်မှု ပြန်လည်ထူထောင်ခြင်းအပါအဝင် ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် ပြင်ဆင်ရာတွင် တိရစ္ဆာန်များထားရှိရာနေရာများကို ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများဖြင့် ပြန်လည်တည်ဆောက်ရန်။
- အချိန်မီရွှေ့ပြောင်းနိုင်ရန်နှင့် အသင့်ပြင်ဆင်နိုင်ရန်အတွက် ငလျင်ကြိုတင်သတိပေးစနစ်များ အားကောင်းစေရန် လိုအပ်ခြင်း။
- တိရစ္ဆာန်များကျန်းမာရေးကို ကာကွယ်ပေးခြင်းနှင့် ဒေသခံများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားပေးခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရေး အာမခံချက်ရှိလာစေခြင်း။
- ထိခိုက်ဒဏ်ရာရသော ကျေးရွာများကို ပြန်လည်တည်ဆောက်ရန်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုများ ဖြစ်ထွန်းစေရန် ကြိုးပမ်းခြင်း။

တစ်ခုတည်းသောကျန်းမာရေး One Health တွင် လူသား၊ တိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်တို့၏ ကျန်းမာရေးသည် အပြန်အလှန်ဆက်နွှယ်လျက်ရှိပေသည်။ ဤအခြေခံမူကိုအခြေခံ၍ ငလျင်ဘေးကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများကို အောက်ပါနည်းလမ်းများဖြင့် ကာကွယ်နိုင်သည် –

**ကျန်းမာရေးစနစ်များ ပေါင်းစပ်ခြင်း –**

လူနှင့်တိရစ္ဆာန် ကျန်းမာရေးဝန်ဆောင်မှုများကို တစ်ပြိုင်တည်းပေးနိုင်ရန်စီစဉ်ခြင်း၊ ရောဂါစောင့်ကြည့်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း–**

ပျက်စီးသွားသော ဂေဟစနစ်များကို ပြန်လည်ထူထောင်ခြင်း၊ ရေနှင့် မြေဆီလွှာညစ်ညမ်းမှုများ လျှော့ချခြင်း၊

**အသိုင်းအဝိုင်းအခြေပြုစနစ် ပြန်လည်ထူထောင်ရေး–**

ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းနည်းများဖော်ဆောင်ခြင်း။

တစ်ခုတည်းသောကျန်းမာရေး One Health ၏ အဓိကသော့ချက်ဖြစ်သော "လူသားများ၏ ကျန်းမာရေးသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုအပေါ် တည်မှီနေသည်" ဟူသောအခြေခံမူဖြင့် ဆောင်ရွက်ခြင်းဖြင့် ငလျင်ဘေး နောက်ဆက်တွဲဆိုးကျိုးများကို ထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၉

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ မြဝတီမြို့– ရွှေကုက္ကိုလ် KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေသည့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာတွင် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပြည်နှင်လွှဲပြောင်းပေးမည့် ပြည်ပနိုင်ငံသားများကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုနှင့် ထပ်မံစစ်ဆေးထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား၏ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၄၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၂၃၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၅၀၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်မှ ယနေ့အထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၈၇၄၀ သည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်နှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဇလွန်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး တည်းခိုရိပ်သာများ လိုက်လံစစ်ဆေး



ဇလွန် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် မြို့ပေါ်ရပ်ကွက်များရှိ တည်းခိုရိပ်သာများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးရာတွင် ဇလွန်မြို့နယ်အတွင်းရှိ တည်းခိုရိပ်သာများအား မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးရန်လင်းထွဋ် ဦးဆောင်ကာ သန္နွေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်ပူးပေါင်း၍ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ရာတွင် တည်းခိုရိပ်သာများ၌ မီးဘေးလုံခြုံမှု ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်ဆေးဘူးများထားရှိမှု၊ ရေကန်၊ ရေစင်များ၊ ရေပန့်များ ကြံ့ခိုင်မှုအခြေအနေများ၊ လျှပ်စစ်ဝိုင်ယာကြိုးများနှင့် လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်းသိရသည်။ **ရောဦးသာ**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မေ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း အဆင့်မြင့်စျေး မီးပွိုင့်အနီး၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၄၆၄ တန်၊ အခြားသစ် ၈ ဒသမ ၁၃၂ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၈၃၇၇၄၆ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၁၀၈၃၇၇၄၆ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၇ ရက်နှင့် ၈ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကံမမြို့နယ် သာဇီရွာလမ်းဆုံ၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းလှမြို့နယ် ပခုက္ကူမြို့နယ်နှင့် ကံမမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၁၆၀၊ ဒီဇယ်ဆီ ဂါလန် ၆၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၃၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် ဆိုင်ကယ်ငါးစီးနှင့် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၅၀၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၈၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၈ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘို-မြစ်ကြီးနားသွား ပြည်ထောင်စုလမ်းမကြီး မြိုင်သီတာကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း၊ နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Noah ယာဉ်တစ်စီးနှင့် Voxy ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့ ထေးသမရပ်ကွက်၌ လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းထိပ်ရှိ ဒေသငါးဖမ်းလှေဆိပ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်း ကေတုမာလာမီးပွိုင့်အနီး၌ လိုင်စင်မဲ့ Toyota Crown ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် ဆိုင်ကယ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေ ၂၀၉၆၁၇၇၄၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရွေ့လျားယာဉ်ဖြင့် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်

ရန်ကုန် မေ ၉

အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့တွင် ဒဂုံမြို့သစ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က စက်ရုံများအရောက် ရွေ့လျားယာဉ်ဖြင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် စက်ရုံလေးရုံ၌ ကွင်းဆင်းလှည့်လည် ဟောပြောကြောင်း သိရသည်။



**အသိပညာပေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဦးစီးအရာရှိ ဦးအောင်မြတ်သူတို့က ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)လမ်း (လေးထောင့်ကန်)ရှိ Heyuan (Myanmar) အထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် သုံးခွကျေးရွာရှိ Myanmar C. P Live Stock Co.,Ltd အသားထုတ်စက်ရုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရွာသာကြီး(အကြီးစား) စက်မှုဇုန်ရှိ Ming Ying Fashion အထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီး (အကြီးစား) စက်မှုဇုန်ရှိ ACCASETTE Garment Co.,Ltd အထည်ချုပ် စက်ရုံတို့တွင် ရွေ့လျားယာဉ်အသုံးပြု၍ နံနက် ၁၀ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီအထိ စက်ရုံများအရောက် အသိပညာပေးဆွေးနွေးကြောင်း သိရသည်။

နေမျိုးအောင်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၄-၂၀၂၅ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရွှံ့သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ 'ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆီနေကြာဆီ'
- ၀၉:၁၀ NRC အစီအစဉ်
- ၀၉:၃၅ မျိုးမှန်ပြေမှန်စိုက်ပျိုးနည်းမှန်မြေဆီဖွံ့ဖြိုး ဝင်ငွေတိုး
- ၁၀:၃၅ အာဒါရိုးရာလေ့လာမည်ပေ့ဟူယနီးကျေးရွာ
- ၁၁:၁၅ လျှော့ချအန္တရာယ်အသိကြွယ်ကြိုတင်ပြင်ဆင်ဆောင်ရွက်မယ်
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၁၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လှုပ်ရှမ်းကောင်းများခေတ်'** (အပိုင်း-၅)
- ၁၆:၄၅ ဝုဏ်ယူဖွယ်ရာမြန်မာ့သနပ်ခါးအမွေအနှစ်
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ ဆုတောင်းမေတ္တာတေးကဗျာ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'ပန်းမျိုးသည်လက်'** (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၅ ဆုတောင်းမေတ္တာတေးကဗျာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) **'လှုပ်ရှမ်းကောင်းများခေတ်'** (အပိုင်း-၆)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal
- 07:08 Mote Sein Paung from Intaing Village
- 07:18 Lest We Forget Great Gratitude Of Parents:
- 07:46 Healthy Diet: Fasting Diet
- 08:01 News
- 08:26 Global Updates; We're saving the wrong bees
- 08:36 From Bamboo Strip to Sublime Buddha
- 08:53 Thingyan Songs and Dances
- 09:01 Sagaing: Gold Leaf
- 09:11 Offering the Lotus Robe of its Kind
- 09:36 Handmade Artisan Ye`Linn Oo

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားသီချင်း၊ အက (မွန်တိုင်းရင်းသား)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'လေနှင်ရာခရီး'** (အပိုင်း-၃၇)
- ၀၈:၀၅ စတီရီယိုတေးသီချင်းများ
- ၀၈:၄၅ ယိမ်းအကပျော်ဖြေမှု
- ၀၉:၃၀ ကာတွန်းအစီအစဉ် **'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း-၁၀)
- ၀၉:၄၀ စတီရီယိုတေးသီချင်းများ
- ၁၀:၀၀ မြန်မာရုပ်ရှင်(ပြန်မည်း) **'ချစ်တဲ့သူငယ်လေ'** မောင်ရှုပ၊ မေဝင်းမောင် (ဒါရိုက်တာ-မောင်ဝဏ္ဏ)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အလှပြာဝေ ငွေတောင်ပြည်

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွားပိုးစားခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဆွေးသိနေသမ်းများဘာသာစကားဖြင့်ချိကြည်ရမည်(အပိုင်း-၉)

**ချင်း(လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း(ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းရိုးရာတူရိယာများ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
အရသာရှိသောမွန်ပြည်နယ်ကကျွဲကောသီး

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ဒါတော်မို (သကြိန်-ဇာတ်လမ်း)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ခြင်ဆေးခွေနှင့်ကျန်းမာရေး

**ဝ (၁၉:၀၀ မှ ၂၀:၀၀)**
မြေအိုးပြုလုပ်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လချိဒ်ရိုးရာဝတ်စုံဝတ်ဆင်ပုံ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစားသတင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'အစ္စရေးနိုင်ငံ'**
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ **'ဆွစ်ဇာလန်နိုင်ငံ'**
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'ထိုင်းနိုင်ငံ'**
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၃)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ MSME လုပ်ငန်းစွမ်းအား နိုင်ငံ့စီးပွားအင်အား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ How Texas Farmers Use 127 Million Acres Of Farmland - American Farming Documentary
- ၁၉:၁၅ The Flood
- ၂၀:၀၀ တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း)
- ၂၂:၀၀ Haunted.Mansion (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ FIFA MFF U-19 Youth League (Week-1) (Replyay) (MIU Vs YRG)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မန္တလေးငလျင်ကြီးဒဏ်ကြောင့် အက်ကွဲပျက်စီးခဲ့သည့် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)သို့ သွားရောက်ကြည့်ရှု

**တောင်ကြီး ဧပြီ ၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် ဧပြီ ၉ ရက် နံနက် ၁၁ နာရီခွဲက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သည့် တောင်ကြီးမြို့ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဘေး ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)အတွင်းရှိ ပင်မ သုံးထပ်ဆောင် အဆောက်အအုံရှိ စာသင်ဆောင်များ၊ အုတ်နံရံအင်္ဂတေများ၊ ကွန်ကရစ်တိုင်များ အန္တရာယ်ရှိမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ရမည့် အခြေအနေများကို လိုက်လံကြည့်ရှုရာ ပျက်စီးမှု အခြေအနေများနှင့် ပတ်သက်၍ ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) ကျောင်းအုပ် ဆရာမကြီး ပါမောက္ခဒေါက်တာခင်စန္ဒာအောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများ၊ တတ်ကျွမ်းနားလည်သည့် အင်ဂျင်နီယာပညာရှင်များဖြင့် မန္တလေးငလျင်ကြီးဒဏ် ခံခဲ့ရသည့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) အား ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)ရှိ ကွန်ကရစ်တိုင်များ၊ လှေကားဘောင်များ၊ တိုင်လုံးကြီးများ အက်ကွဲပျက်စီးခြင်း၊ အုတ်နံရံအင်္ဂတေများ အက်ကွဲခြင်း၊ သင်ကြားရေးဌာနအခန်းများ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ သန့်စင်ခန်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)သို့ တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ ၇၇၄ ဦးရှိကြောင်း သိရသည်။ **မောင်မောင်သန်း**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အမျိုးသမီးရေးရာအဖွဲ့မှ ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အမှတ် (၃)ရပ်ကွက် အောင်သီရိပြည့်စုံ (ဗဟို)ဓမ္မာရုံ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဘော်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ မင်္ဂလာဗျူဟာ အသင်းချုပ်မှ ယဉ်ကျေးလိမ္မာဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက သင်တန်းဆင်းနှုတ်ဆက်စကားပြောကြားပြီး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေကျပ် ၅၃၀၀၀၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ကြည်သာဇော်၊ အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်တို့က ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ သင်တန်းကို မတ် ၃၁ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

❂ ချန်ပီယံလိဂ်မှ

နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့် မရရှိခဲ့ပေမယ့် လက်ရှိအချိန်မှာ ရီးရဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်ကိုပြန်လည် တက်လှမ်းခွင့်ရရှိဖို့ နီးစပ်နေပြီ ဖြစ်ပါတယ်။

ဧပြီ ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်မှာ အင်တာမီလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**


**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဗဟိုလမ်းနှင့် သီတာလမ်းထောင့်၊(၁၃)ရပ်ကွက်၊ မြေကွက်အမှတ်-၄/C-၂၀(က)၊ တိုက်အမှတ်(၂၀)၊ အခန်းအမှတ်-ပဉ္စမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၂၃.၅x၄၈)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ဂျူးလူ[၁၄/ဝခမ(နိုင်)၂၃၀၁၂၅] မှ ၎င်းတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဝေစိုး (LL.B ,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၅၆)**
**အမှတ် (၂၇၅)၊ ပိတောက်လမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း- ၀၉-၉၆၆၅၈၅၀၅၀**





**မြေငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာသတိပြုရန်အချက်များ**

လတ်တလောဖြစ်ပွားခဲ့သောမြေငလျင်ဘေးအန္တရာယ်ကြောင့် အဆိုပါဒေသတွင် နေထိုင်သူများ၊ ယာယီကယ်ဆယ်ရေးစခန်းများတွင်ခေတ္တလာရောက်နေထိုင်နေသူများနှင့် မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်လျက်ရှိသူများအနေဖြင့် အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ပါ။ အကယ်၍နေထိုင်မကောင်းဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံး သွားရောက်ပြသ၍ ဆေးကုသမှု ခံယူပါ။

**(၁) ကူးစက်ရောဂါများနှင့် မြွေအန္တရာယ်ကာကွယ်ပါ၊**

**ဝမ်းပျက်ဝမ်းလျှောရောဂါ -**

- ချက်ပြုတ်ပြီး အစားအစာများအား သိမ်းဆည်းသိုလှောင်ထားခြင်းမပြုဘဲ ချက်ချင်း စားသုံးရန်၊
- ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိအမှတ်ပြု သောက်ရေသန့်ကိုသာသောက်သုံးရန်၊
- အစားအသောက်ပြင်ဆင်ချက်ပြုတ်သုံးစွဲရာတွင် ရေသန့်စင်ဆေးပြား သို့မဟုတ် ကလိုရင်းဆေး (Bleaching Powder) ခတ်ထားသော ရေကိုအသုံးပြု၍ ချက်ပြုတ်ရန်၊
- အစားအသောက်မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျလက်ဆေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုရန်၊
- ယာယီနေထိုင်ရာနေရာများတွင် စနစ်တကျဆောက်လုပ်ပေးထားသည့် အိမ်သာများကိုသာ အသုံးပြုရန်၊
- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ရန်။

**မျက်စိနာရောဂါ -**

- မျက်မှန်တပ်ရပါက မျက်မှန်ကို မကြာခဏသန့်ရှင်းရေးပြုလုပ်ရန်၊
- မျက်စိနာနေသူ၏ အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင် ပစ္စည်းများကို အခြားသူများနှင့်မျှဝေသုံးစွဲခြင်း လုံးဝ မပြုလုပ်ရန်၊ ထိုသူ၏ အဝတ်အစားများကို သီးသန့် လျှော်ဖွပ် သန့်စင်ရန်၊

**အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခြင်မှတစ်ဆင့်ကူးစက်သောရောဂါများနှင့် မြွေအန္တရာယ် -**

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ရန်၊
- မိုးရွာသည့်အချိန် သို့မဟုတ် နံနက်ပိုင်း အအေးပိုလာချိန်တွင် အအေးမိခြင်းမဖြစ်စေရေး သတိပြု ဆောင်ရွက်ရန်၊
- ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာ အိပ်ရန်၊
- ယာယီတဲများကို မြွေနှင့်အခြားအဆိပ်ရှိသတ္တဝါများ မဝင်ရောက်စေရေး သတိပြုဆောင်ရွက်ရန်။

**(၂) အပူဒဏ်ကာကွယ်ရေး သတိပြုဆောင်ရွက်ပါ၊**

- ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင်နားနေရန်၊
- အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ရန်၊
- ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ရန်၊
- အရက်သေစာသောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရနိုင်သောကြောင့် ရှောင်ကြဉ်ရန်၊
- ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးရန်၊
- မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ရန်။

ကျန်းမာရေးဝန်ကြီးဌာန (၇-၄-၂၀၂၅)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ရေး လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | (၁၀-၄-၂၀၂၅) ရက်မှ (၉-၅-၂၀၂၅)ရက်ထိ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | - | (၁၂-၅ -၂၀၂၅)ရက် ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီ ထိ |
| တင်ဒါတင်သွင်းရမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကင်မလင်းကျွန်းလမ်းမကြီး၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့။ |

၂။ တင်ဒါလျှောက်လွှာများနှင့်အသေးစိတ်အချက်အလက်များအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ ဖြိုးရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

(ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၉၇ ၅၈၉ ၃၂၉)

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီး ဌာနမှ တည်ဆောက်ရေးလုပ်ငန်း(၁)ခု၊ အုတ်ခြံစည်းရိုး (၇)ခု၊ အကြီးစား ပြင်ဆင်ခြင်း(၂)ခု၊ မီးငြိမ်းသတ်ရေးစက်ပစ္စည်းကိရိယာ(၁၁)ခု၊ ရှာဖွေ ကယ်ဆယ်ရေးပစ္စည်းကိရိယာ(၁)ခု၊ ရုံးသုံးစက်ပစ္စည်းကိရိယာ(၃)ခု၊ ရုံးသုံးပရိဘောဂ(၁)ခုနှင့် အခြားစက်ပစ္စည်း(၅)ခုတို့အား ဆောင်ရွက်မည် ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက် များနှင့် သိရှိလိုသည်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | (၂၂-၄-၂၀၂၅)ရက်နေ့ |
| တင်ဒါပုံစံနောက်ဆုံးရောင်းချမည့်ရက် | - | (၉-၅-၂၀၂၅)ရက်နေ့ |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | အမှတ်(၁၂၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး |

(တင်ဒါဖောင်ပြန်လည်တင်ရမည့်ရက်အား အကြောင်းကြားသွားပါမည်)

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန**
**ဖုန်း-၀၉-၄၂၀၀၆၇၈၉၅**

"GREEN PRO COMPANY LIMITED"
(ကုမ္ပဏီမှတ်ပုံတင်အမှတ် -၁၂၅၂၄၄၁၇၃ )
(ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

၁။ "GREEN PRO COMPANY LIMITED" ကိုအစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၈.၄.၂၀၂၅) ရက်နေ့တွင် Video Conferencing ဖြင့် အထူးကျင်းပသည့် အထွေထွေအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် စာရင်းရှင်းလင်းဖြတ်သိမ်းရေးအရာအရှိအဖြစ် တရားလွှတ်တော်ရှေ့နေ ဦးမျိုးဝင်း (လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း ၊ အသင်းဝင်အမှတ် - ၀၀၀၆၂) အား ခန့်အပ်ထားရှိပါကြောင်း ကြေညာအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန် နှင့် ရရန်ရှိသည်များကို ဤကြော်ငြာပါသည့် ရက်မှ (၁)လ အတွင်း နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်း များပြုလုပ်နိုင်ကြောင်း ကြေငြာအပ်ပါသည်။

ဦးမျိုးဝင်း
တရားလွှတ်တော် ရှေ့နေ(စဉ်-၈၆၃၅/၂၀၁၂)
လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၊ အသင်းဝင်အမှတ်-၀၀၀၆၂
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄၊ လူနေရပ်ကွက်အမှတ်- နဝဒေးအိမ်ရာစီမံကိန်း၊ မြေကွက်အမှတ်-၄၉၇၊ အကျယ်အဝန်း (၆၀x၆၂)ပေ၊ ဧရိယာ(၀.၀၈၅)ဧကရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်နီနီမာ [၁၂/အစန(နိုင်)၁၀၄၁၂၆]မှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတိုးဆွေ [၁၂/ခရန(နိုင်) ၀၀၉၀၄၉]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတိုးဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် (LLB, D.B.L, Dip in HR)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၅၀)**
**အမှတ်- ၃၄/၄၉၊ အခန်း (၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန် မြို့သစ်ဧရိယာ၊ ပြန်လည်နေရာချထားသည့် အုပ်စုအမှတ်(RA-5)၊ အကွက်အမှတ် (က-၀၃)၊ မြေကွက်အမှတ်(၀၀၀၄)၊ အကျယ်အဝန်း(၈၀ပေx၈၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် တွံတေးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့မြေဌာနတွင် **ဦးတင်အေး**[၁၂/တတန(နိုင်)၀၀၉၇၇၅] အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ဇုန်-၅၊ မြေကွက် အမှတ်-၄၇၃၊ ဧရိယာ ၀.၀၈၃ ဧက မြေကွက်တည်နေရာအမှတ်-၄၇၃၊ ပတ္တမြားလမ်း၊ စက်မှုဇုန်အပိုင်း-၅ လှိုင်သာယာမြို့နယ်၊ ဒေါ်မြင့်မြင့်[၁၄/ ပသရ(နိုင်)၀၈၁၈၃၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်[၁၄/ပသရ(နိုင်)၀၈၁၈၃၉] ကိုယ်တိုင်မှ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ၂၀၀၂ နှင့် ၂၀၀၅ ခုနှစ်များတွင်ဒေါ်မြင့်မြင့်မှ ဘဏ်ချေးမြေပုံကူးယူခဲ့ခြင်းများနှင့် ပတ်သက်၍ အဆိုပါဘဏ်ချေးငွေ မြေပုံများအား ဘဏ်တွင်ချေးငွေ ထုတ်ယူအသုံးပြုခဲ့ပြီးနောက် ချေးငွေ များအား ပြေကျေစွာပေးဆပ်ပြီး ဘဏ်တွင် အာမခံအဖြစ်ပေးအပ်ထား သောစာချုပ်စာတမ်းဂရန်မူရင်းများ အားလက်ဝယ်ပြန်လည်ရရှိပြီးနောက် ဘဏ်ချေးမြေပုံမူရင်းများမှာ အထား အသိုမှားယွင်းကာ ပျောက်ဆုံးသွား ကြောင်း အဆိုပါဘဏ်ချေးမြေပုံများ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း နှင့် အဆိုပါမြေကွက်အား အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထား ခြင်း၊ လှူဒါန်းထားခြင်း အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါ ကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်ပါက ၎င်းက သာတာဝန်ယူဖြေရှင်းပေးမည်ဖြစ် ကြောင်း တရားရုံးကျမ်းကျိန်လွှာ တင်ပြလာသဖြင့် တရားဝင်ခိုင်လုံ သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ရန်ကုန်မြို့၊ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(တာကြီး) တာကြီးပတ်လမ်း၊မြေကွက်အမှတ်(၂၉၇)ဧရိယာ(၄၀'×၆၀') ရှိသည့် နှစ်(၆၀)မြေငှါးဂရန်စာချုပ်တွင်-ဦးစောကြည် (၁၃/နစန(နိုင်)၀၀၁၀၉၂)အမည်ပေါက်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် အမည်ပေါက်သူ-ဦးစောကြည် ကတရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း နှင့်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူ များရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

| | |
|---|---|
| **ဦးသန့်ဇင်** (LL-B) | **ဒေါ်ဟန်နွေနိုင်**(LL-B) |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၇၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ပတ်စ်ပို့ပျောက်

(ဘ)ဦးညာဏ်ဝင်း၏ သမီး မအိသိဂီသိမ့်သိမ့်[၁၂/မရက(နိုင်) ၁၆၂၄၇၉]၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)သည် ခရီးသွား ရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၉၅၁၅၆၄၀၄**

## ဖြည့်စွက်ဖတ်ရှုပါရန်

(၆-၄-၂၀၂၅)ရက်နေ့ ကြေးမုံ သတင်းစာ ကြော်ငြာစာမျက်နှာ (၂၈)ပါ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒဂုံမြို့သစ်တောင် ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၁ နှင့်၅)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၃

| | | |
|---|---|---|
| ဒေါ်ညိုညိုမြင့် | နှင့် | ဒေါ်တင်စိန် |
| (တရားလို) | | (တရားပြိုင်) |

